


# နိဗ္ဗာန်လိုချင်တာ တကယ်ဟုတ်ကဲ့လား

## အဂ္ဂိဝစ္ဆပုဏ္ဏား

၂၄၉

ဟောကြားသည့်နေ့

၂-၂-၆၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၁) မှ

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# နိဗ္ဗာန်လိုချင်တာ၊ တကယ်ဟုတ်ကဲ့လား

## (အင်္ဂိဝဋ္ဋပုဏ္ဏား)

ဟောကြားသည့်နေ့ (၂-၂-၆၀)

ဒကာ ဒကာမတို့ အခုတွေ့ကြုံရတဲ့ခဏဟာ အလွန်ရှားပါတယ်၊ ကြုံခဲတယ်၊ ဆုံခဲတယ်ဆိုတာ သေသေချာချာ မှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

သာသနာနဲ့ မတွေ့နိုင် ကျွတ်တမ်းမဝင်နိုင်တဲ့ ခဏကရှစ်ခဏရှိတယ်၊ ကျွတ်တမ်းဝင်နိုင်တဲ့ ခဏက တစ်ခဏတည်းဆိုတော့ ကိုးခုရှိတဲ့အနက် တစ်ခုတည်းမှာ လာကြုံဖို့ရာက အလွန်ခဲယဉ်းတယ်လို့မှတ်ရမယ်. . . (မှန်ပါ့)၊ အသညသတ် အရူပဘုံ သွားဖြစ် နေပြန်တော့ ဒကာ ဒကာမတွေ ရပ်ပြစ်ရှစ်ပါး

ခဏဟာလည်း အဲဒီလိုဌာနတွေမှာ သွားဖြစ်နေပြန်တဲ့ ခဏဟာ ဒကာကြွယ် အလကားပဲ. . . (မှန်ပါ့ဘုရား)။

## (၁) အသညသတ်ဘုံ၊ အရူပဘုံခဏ

ယခုလို ဘုရားပွင့်တဲ့အခါကာလ လူဖြစ်တဲ့အခါ ကာလမျိုးသာ ကျုပ်တို့မှာ အဘိုးတန်တဲ့ ခဏလို့ဆိုရမယ်. . . (မှန်ပါ့)၊ ကမ္ဘာပေါင်းငါးရာ သွားနေရတဲ့ အသညသတ်ဘုံနဲ့ အရူပဘုံမှာသွားနေရမယ်ဆိုလို့ရှိရင်ဖြင့် အသညသတ်ဆိုတာ ရုပ်ချည့်ဖြစ်နေလို့ ဘုရားလည်းမရောက် ရောက်ခြင်းကြောင့် လည်း ကျေးဇူးမရှိ၊ အရူပဘုံဆိုတာ နာမ်ချည့်ရှိနေလို့ ကြား တတ်တဲ့ ရုပ်နဲ့မတွဲလို့ သောတာပတ္တိမဂ်တည်ရမှာကလည်း တရားနာမှ တည်ရမှာဖြစ်နေတော့ အသညသတ်နဲ့ အရူပဘုံမှာ သွားနေရတဲ့ ခဏဟာက အလကားခဏလို့မှတ်လိုက်စမ်းပါ (မှန်ပါ့)။

## ရုပ်ပြစ်ရှစ်ပါးခဏ

အဲဒါတွေဟာ ခန္ဓာကိုယ်ဘာဖြစ်နေတယ်၊ ဒုက္ခရှည်နေ တာပဲလို့ မှတ်ဖို့ပါပဲ. . . (မှန်ပါ့)၊ ခန္ဓာကတော့ ရတော့ ရတာပဲ၊ အသညသတ်ဘုံမှာ ရုပ်ခန္ဓာရတယ်၊ အရူပဘုံမှာ နာမ်ခန္ဓာလေး ပါးရပါတယ်၊ ရပင်ရငြားသော်လည်း အဲဒီရနေတဲ့ ခဏတွေဟာ

ဒကာကြွယ်၊ ဒကာသစ်တို့ စဉ်းစားကြည့် ရပ်ပြစ်ရှစ်ပါး ခဏတွေ . . . (မှန်ပါ့)။

ဘယ့်နှယ်နည်းနဲ့မှ နိဗ္ဗာန်သုခအကြောင်းကို ပြောလို့ မကြားနိုင်၊ သုခနိဗ္ဗာန်ဆိုတဲ့ ထွက်ရပ်လမ်းကိုလည်း ကိုယ်တိုင်လည်း မရှာနိုင်တဲ့ခဏတွေ ဖြစ်နေသောကြောင့် ရပ်ပြစ်ရှစ်ပါးထဲ သွင်းရမယ်. . . (မှန်ပါ့)၊ အသုံးကျသေးရဲ့လား. . . (မကျပါဘုရား)။

## (၂) ငရဲရောက်တဲ့ခဏ

တစ်ခါ ငရဲရောက်တဲ့ခဏဟာလည်း ဒကာ ဒကာမတို့ ဘာအသုံးကျသေးသတုံး. . . (ဘာမှအသုံးမကျပါဘုရား)၊ ထွက်ရပ်လမ်းရှာနိုင်ပါ့မလား. . . (မရှာနိုင်ပါဘုရား)၊ မရှာနိုင်လို့ရှိရင် အဲဒီ (၂) နံပါတ်ခဏဟာလည်း အလကားခဏပါပဲ . . . (မှန်ပါ့)။

## (၃) တိရစ္ဆာန်ဘုံခဏ

တိရစ္ဆာန်ဘုံရောက်နေတဲ့ ခဏဟာလည်း ဒီအတိုင်းပဲ ထားလိုက်ပါတော့ ဘာမှအသုံးမကျတဲ့ ခဏပါပဲ. . . (မှန်ပါ့)၊ သုံးခုရှိသွားပြီနော်. . . (မှန်ပါ့)၊

## (၄) ပြိတ္တာဘုံခဏ

ပြိတ္တာဘုံရောက်နေတဲ့ ခဏဟာလည်း ဒကာ ဒကာမတို့ အလကားခဏတဲ့. . . (မှန်ပါ့)၊ အဟိတ်ပုဂ္ဂိုလ်တွေဖြစ်ပြီး သကာလနေတဲ့အတွက် မြတ်စွာဘုရား တရားတော်ကို ဘယ်လို ပင် ဟောပြောသော်လည်း သူတို့နားမဝင်နိုင်တဲ့ခဏ. . . (မှန်ပါ့ ဘုရား)။

## (၅) မိစ္ဆာဒိဋ္ဌိဖြစ်နေတဲ့ခဏ

ကောင်းပြီ ဒကာ ဒကာမတွေမှာ အခုပြောခဲ့တဲ့ခဏ လေး လွတ်နေတယ်၊ အဲ. . . လူပြည်လာဖြစ်တော့လဲ မိစ္ဆာ ဒိဋ္ဌိဖြစ်နေမယ်ဆိုရင်ဖြင့် တရားဟောလည်း တရားနာနဲ့ ရန်ဖြစ် မယ်၊ ဘုရားကိုမြင်ရင် ဘုရားခန္ဓာနဲ့ရန်ဖြစ်မယ်. . . (မှန်ပါ့)၊ အဲဒီတော့ မိစ္ဆာဒိဋ္ဌိဖြစ်နေရတဲ့ ခဏလည်း အလကားခဏပဲ. . . (မှန်ပါ့)။

## (၆) ဇနပုဒ်မှာ လူဖြစ်နေတဲ့ခဏ

ဘုရား၏ သာဝကများဖြစ်တဲ့ ဘိက္ခု ဘိက္ခုနီတို့ တရား ဟောရန်မရောက်တဲ့ ပစ္စန္တရာဇ် ဇနပုဒ်မှာ ကျုပ်တို့ လူဖြစ်နေရတဲ့ ခဏဟာလည်း အလကားခဏပဲ. . . (မှန်ပါ့)၊ ခြောက်ခဏရှိ မသွားဘူးလား. . . (ရှိသွားပါပြီဘုရား)။

## (၇) ဆွံ့အနေတဲ့ဘဝခဏ

ပြီးတော့ တစ်ခါစဉ်းစားလိုက်ပြန်တော့ ဘုရားပွင့်နေတဲ့ အခါနဲ့ ကြုံငြားသော်လည်း ကိုယ့်မှာဆွံ့အပြီးပြောတော နားမလည်ဘဲနဲ့၊ သဘာဝဓမ္မဆိုတဲ့ ရုပ်နာမ် ပရမတ္ထသဘာဝတွေ ပဋိစ္စသမုပ္ပါဒ်ဓမ္မတွေ ပြောငြားသော်လည်း နားမလည်နိုင်တဲ့ အတွက် ဆွံ့အနေတဲ့ဘဝမျိုးရောက်ပြန်လည်း အလကား ခဏပဲ. . . (မှန်ပါ့)၊ ဒီအတိုင်း မနေပေဘူးလား. . . (နေပါတယ် ဘုရား)၊ ဒါဟာ ဘုရားပွင့်တာ ကြုံလျက်နဲ့ ကျေးဇူးမရှိတာနော် . . . (မှန်ပါ့ဘုရား)။

## (၈) ဘုရားမပွင့်တဲ့ခဏ

တခါ ဘုရားမပွင့်တဲ့အခါမှာ ကျုပ်တို့ဖြစ်နေရပြန်လို့ရှိရင် လည်း အလကားခဏပဲ. . . (မှန်ပါ့)၊ အဲဒီတော့ အခုပြောခဲ့တဲ့ ရှစ်ခဏဟာ အလကားခဏပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## (၉) ကိုးခုမြောက်က ပညာရှိခဏ

အဲဒီတော့ ဒကာ ဒကာမတွေ အခုဒီရှစ်ခဏလွတ်ပြီး သကာလ ဘုရားသာသနာတော်နဲ့ ကြုံရတဲ့ခဏ၊ လူဖြစ်ရတဲ့ ခဏ၊ ပဏ္ဍိတဆိုတဲ့ ပညာရှိနားတွေနဲ့ ထောင်နိုင်တဲ့ခဏမှာ ကြုံနေတော့ ဒီခဏကြုံဖို့ရာ အတော်ကြိုးစားခဲ့ကြတယ်ဆိုတဲ့

ဥစ္စာလည်း ကိုယ့်အကြောင်းကိုယ် နောက်ပြန်တွေးရင် သိပါတယ်. . . (မှန်ပါ့)၊ လူလည်းဖြစ်လာကြတယ်ဗျာ၊ သာသနာတွင်းလည်း ကြုံတယ်ဗျာ. . . (မှန်ပါ့)၊ ထောင်နိုင်တဲ့နားဆိုတဲ့ ပဏ္ဍိတစာရင်းဝင်၊ ပညာရှိခဏနဲ့ကော. . . (ကြုံပါတယ်)၊ ကြုံဆုံပြီးသကာလနေတော့ ဒကာအုန်းတို့ စဉ်းစားကြည့်၊ ဒီခဏကလွဲရင်ဟိုခဏတွေထဲသွားတော့မယ်. . . (မှန်ပါ့)၊ မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

## ဒီခဏလွဲရင် ကိုယ်ကျိုးနည်းပြီ

အဲဒီတော့ ဒီစကားလေးဟာ ဒကာ ဒကာမတို့ ကိုယ့်အသက်တန်းနဲ့ကိုယ် ကြည့်လိုက်တော့ ဩော်. . . ဒီခဏကလေးဟာ နက်ဖြန်သေရင် ဒီနေ့ မဂ်ဖိုလ်ဆိုက်မှ. . . (မှန်ပါ့)၊ သဘက်သေမယ်ဆိုရင် နက်ဖြန်လောက်ဆိုက်မှ. . . (မှန်ပါ့)၊ နို့မဟုတ်ရင် ဒီခဏလွဲပြီး နဝမက္ခဏဆိုတဲ့ ကိုးခုမြောက်ခဏလွဲသွားမယ်ဆိုလို့ရှိရင် ကိုယ်ကျိုးနည်းပေါ့လို့ ဒကာ ဒကာမတွေသေသေချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အချိန်ဆိုင်းပြီးသကာလ တရားအားမထုတ်ဘဲ မနေကြပါနဲ့ဆိုတာ တိုက်တွန်းရတယ်. . . (မှန်ပါ့ဘုရား)၊ ခုနင်ကပြောခဲ့တဲ့ ရှစ်ခဏဟာ ဘာအသုံးကျသတုံး. . . (ဘာမှအသုံးမကျပါဘုရား)၊ အဲဒါကြောင့် သူတို့ရပ်ပြစ်ရှစ်ပါး၊

မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ခွင့်မရှိတဲ့ အရပ်ရှစ်ပါးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## နောက်ဆုံးပါရမီဖြည့်ရမည့်ဘဝ

အခု နိဗ္ဗာန်ရနိုင်တဲ့အထဲမှာ ဒကာ ဒကာမတွေ လူဖြစ်လာကြတယ်၊ ဘုရားသာသနာနဲ့ကြုံတယ်၊ ပဏ္ဍိတစာရင်းထဲ ဝင်ကြတယ်ဆို၊ ဩော်. . . တို့သည် ရှစ်ခဏမှလွတ်ပြီး ကိုးခုမြောက်ခဏ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြဟ္မစရိယအကျင့်ကို ကျင့်နိုင်တဲ့ ခဏဟာ ဒီအထဲမှာ တို့အကြုံကြီး ကြုံပြီးသကာလ နေတာဟာဖြင့် နောက်ဆုံးပိတ် ပါရမီဖြည့်ရမည့်ဘဝ ဘာမှတောင့်တ, တွေးတောနေဖို့ မလိုဘူးဆိုတာသာမှတ်လိုက် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီခဏဟာ ကောန်ကြုံတယ်နော်. . . (မှန်ပါ့)၊ ရုပ်ပြစ်ရှစ်ပါး မလွတ်ဘူးလား. . . (လွတ်ပါတယ်ဘုရား)၊ ရုပ်ပြစ်လွတ်ပြီး ဒီခဏမှာ ကောန်ကြုံနေတော့၊ ကဲ. . . သေသေချာချာစဉ်းစားကြည့်တော့ ဘုရားသာသနာတော်ကြီးရှိသေးသလားမေးရင်ကော. . . (ရှိပါတယ်ဘုရား)၊ လူ့ဘဝခဏရခိုက် ကြုံကြတာကော ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)၊ အခုနာမ်ရုပ်ခမ္မတွေကို သုညတရှိတဲ့ ရုပ်နာမ်သာရှိတယ်၊ ငါ့သူတပါးယောက်ျားမိန်းမဆိတ်တယ်၊ ရုပ်နာမ်တွေပဲ လှည့်ပတ်ပြီး ပဋိစ္စသမုပ္ပါဒ် ဖြစ်နေတယ်ဆိုတာ သိကြသားပဲ. . . (သိပါတယ်ဘုရား)။

## ဘုရားဟောအတိုင်း၊ ဘုန်းကြီးကဟောတာ

အဲဒီနာမ် ရုပ်တွေသာလျှင်ဖြစ်နေတာ ခင်ဗျားတို့ အင်မတန် နက်နဲတဲ့ဓမ္မတွေပဲ၊ ပုဂ္ဂိုလ်သတ္တဝါမရှိပါဘူးလို့ ဘုရားဟောအတိုင်း ဆရာဘုန်းကြီးက ဟောတာကို ဒီသုညတဓမ္မတွေကို ထောင်နိုင်တဲ့နားရှိတာလည်း ပဏ္ဍိတဘဝရကြလို့ ဒကာဒကာမတွေသည် ကိုးခုမြောက် ဘဝထဲမှာ တကယ်ကြုံတာပါပဲ . . . (မှန်ပါ့) အဲ. . . ကိုးခုမြောက်ဘဝမှာ တကယ်ကြုံသည်ဖြစ်လေသောကြောင့်၊ ဩော်. . . ဒီဘဝ ဘာပါလိမ့်မတုံးဆိုတော့၊ ကိုယ်တောင်းခဲ့တဲ့ဆု၊ လုပ်ခဲ့တဲ့ အလုပ်မျိုးစေ့တွေ ဒီဘဝမှာ အကုန်စုပြီးသကာလ ကိစ္စပြီးနိုင်မည့် နဝမက္ခဏပဲဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)။

## နောက်သာသနာတွေးပြီးပေါ့ဆမနေနဲ့

နဝမက္ခဏကို ဧကန်ကြုံ တကယ်ကြုံပြီးသကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေပါလျက်သားနဲ့၊ နောက်သာသနာတော်နဲ့ နောက်ဘုရားပွင့်မှာဆိုတာ ဘာမျှတွေးပြီး ပေါ့ဆမနေတော့နဲ့နော် (မှန်ပါ့) နောက်ဘုရား သာသနာကို တွေးတောမျှော်လင့်နေလို့ရှိရင်ဖြင့် ကိုယ့်ကိုယ်ကိုနောက်သို့ဆွဲလိုက်တဲ့ အဓိပ္ပါယ်ရောက်တယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (နောက်ဆွဲလိုက်တဲ့ အဝိပ္ပါယ် ရောက်နေပါတယ်ဘုရား) ကိုယ့်ကိုယ်ကို နောက်ဆွဲလိုက်တာ . . . (မှန်ပါ့ဘုရား)။

မေတ္တေယျမြတ်စွာဘုရားပွင့်တော်မူတဲ့အခါ ရှေးဦးစွာ ဖူးတွေ့ရပြီး သစ္စာလေးပါး သိတဲ့ပုဂ္ဂိုလ်ဖြစ်ရပါလို၏ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဒါဟာ နောက်ပြန်ဆွဲလိုက်တာ. . . (မှန်ပါ့)။

ဒါကြောင့် ဒီအချိန်ကောင်း ကြုံနေတာဟာ နောက်ပြန် ဆွဲချိန်မဟုတ်ဘူး၊ သုညတဓမ္မကို နားလည်နိုင်တဲ့ ဘဝဟာဖြင့် နဝမက္ခဏထဲပါပါတယ်. . . (မှန်ပါ့) သုညတဓမ္မဆိုတာသည် ရုပ်နာမ်တွေဖြစ်ပြီး၊ ရုပ်နာမ်တွေပျက်တာသာရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ အပြောသာရှိတာ တကယ်တမ်းက ရုပ်နာမ် ဖြစ်ပျက်ပဲရှိတယ်ဆိုတာ ဒကာ ဒကာမတွေ အသိကြသားပဲ၊ ထောင်နိုင်တဲ့နားလည်းအရှိသား၊ ပွားများကြည့်တော့လည်း ရုပ်နာမ်၊ ဓမ္မမှ တစ်ပါးဘာမှ ပုဂ္ဂိုလ်သတ္တဝါမတွေ့ဘူး၊ ဒကာကြွယ် ရုပ်နာမ်ဓမ္မ ဖြစ်ပျက်ပဲတွေ့တာပဲ. . . (မှန်ပါ့ဘုရား)။

## ဒီခဏလေးလွဲသွားမှာစိုးရိမ်ကြပါ

ပုဂ္ဂိုလ်သတ္တဝါတွေဖြစ်ပျက်နေတာများ တွေ့သေးလား . . . (မတွေ့ပါဘုရား) ကြည့်လိုက် ရုပ်ကလေး ပျက်နေတာ တွေ့လိုက် စိတ်ကလေးပျက်နေတာ တွေ့လိုက်ဆိုတော့ ပုဂ္ဂိုလ်

သတ္တဝါ ဆိတ်သုဉ်းပြီးသကာလနေတာ တွေ့သာတွေ့ တော့လို့ သုညတဓမ္မတွေကိုလည်း ဒကာ ဒကာမတွေ နားလည်တဲ့ ပဏ္ဍိတဘဝသို့ ရောက်သောကြောင့် နဝမက္ခဏဆိုတဲ့ ကိုးခု မြောက် ခဏထဲမှာ ကြုံသောကြောင့် ဒီခဏကလေး လွဲသွားမှာ ကိုဖြင့်၊ အားကြီးစိုးရိမ်ကြပါ၊ ကိုယ့်အတွက် နှမြောကြပါလို့ ယနေ့အစော ကြီးပြောထားတယ်. . . (မှန်ပါ့ဘုရား)။

ထိုခဏလေးလွတ်သွားလို့ရှိရင် ခင်ဗျားတို့ဘုရားက ဓမ္မပဒပါဠိတော်မှာနိရယဝဂ်မှာ "**ခဏောဝေမာဥစ္စဂါ၊ ခဏာတီ တာဟိသောစန္တိနိရယမှိသမပ္ပိတာ**" ဝေ၊ စင်စစ်၊ ခဏော၊ ယခုကြုံ ရတဲ့ခဏကို၊ မာဥပစ္စဂါ၊ မလွန်မြောက်ပါစေနဲ့တဲ့၊ ဒါကလေးကို အလွဲသုံးစားအချိန်တွေ မဖြုန်းလိုက်ပါနဲ့တဲ့. . . (မှန်ပါ)။ သဘောကျပလား. . . (ကျပါပြီ) ခဏာတီတာဟိသော စန္တိတဲ့ ဒီခဏတို့လွန်သွားရင်တော့ မင်းတို့သောကပရိဒေဝနဲ့ နေဖို့သာ ပြင်ပေတော့တဲ့. . . (မှန်ပါ့ဘုရား)။

ဒီခဏကိုလွန်သွားရင် ဘာနဲ့နေရမတုံး. . . (သောကပရိ ဒေဝနဲ့နေရပါမယ်)၊ သောကပရိဒေဝနဲ့ နေရတော့မယ်ဆိုတာ . . . ဘယ့်နှယ့်ကြောင့်တုံးဆိုတော့ နိယရမှိသမပ္ပိတာတဲ့၊ ငရဲသို့ ရောက်တော့မှာပဲတဲ့. . . (မှန်ပါ့ဘုရား)။

## ဒီခဏလေးကိုမလွှန်ပါစေနဲ့

ဒီတော့ ရ ထားပြီးတဲ့ ခဏကလေးကို ဒကာ ဒကာမတို့ မလွှန်စေနဲ့နော်. . . (မှန်ပါ့) မလွှန်ပါစေနဲ့ဆိုတာ ဘုန်းကြီး ရိုးသားစွာနဲ့ပဲ ဒကာ ဒကာမတွေကို တိုက်တွန်းပါတယ်. . . (မှန်ပါ့ဘုရား) နက်ဖြန်လည်း ကျုပ်တို့ခန္ဓာကိုယ်ကြီးဟာ စုတိကျ နိုင်တာပဲ၊ သန်ဘက်ခါလည်းကျနိုင်တာပဲ၊ ဖိန်းနွှဲခါလည်း ကျနိုင် တယ်။ ဘာ့ကြောင့်ကျနိုင်သတုံးဆိုတော့ အို. . . အဲဒီလမ်းကို သွားနေတာကိုး. . . (မှန်ပါ့)၊ ဒါပဲ အဖြေထွက်လာတယ်. . . (မှန်ပါ့)၊ နက်ဖြန် စုတိကျနိုင်တယ်၊ သန်ဘက် စုတိကျနိုင်တယ်၊ သေနိုင်တယ်ဆိုတာတွေပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

ဟာ ဘုန်းကြီးက ပြောရက်လိုက်တာ ဘယ့်နှယ့်ကြောင့် တုံးဆိုတော့ ဘုန်းကြီးက ပြောရက်တာမဟုတ်ဘူး၊ ခန္ဓာက ဒီအတိုင်းသွားနေလို့. . . (မှန်ပါ့)၊ ကိုယ့်ခဏကလေးက နည်းနည်းပဲကျန်တော့တယ်နော်. . . (မှန်ပါ့)၊ ကိုယ်ဆုတောင်း လို့ ပြည့်ထားတဲ့ခဏကလေး. . . ဒီခဏနဲ့ ကြုံရပါလို၏ဆိုတာ တော့ မဂ္ဂဖြဟ္မစရိယ မင်္ဂဉာဏ်ဖိုလ်ဉာဏ်ကျင့်နိုင်တဲ့ ခဏနဲ့ ကြုံရ ပါလို၏ဆိုတာတော့ ကြုံပြီ. . . (မှန်ပါ့)၊ မကြုံဘူးလား. . . (ကြုံ ပါတယ်ဘုရား)။

ပြည့်စုံတဲ့ ခဏက ဒကာ ဒကာမတွေ တချို့မှာလိုကြလိမ့် ဦးမယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ အဲဒီခဏကလေးဟာ

လည်း . . . ခန္ဓာကိုယ်အမြဲတန်းဘယ်သွားသတုံးဆိုတာ စဉ်းစားကြည့်ကြ. . . (မှန်ပါ)၊ ဘယ်သွားနေသတုံး. . . (သေရာကိုသွားနေပါတယ်ဘုရား)၊ ဩော်. . . နောက်များတလှမ်းနောက်ဆုတ်လို့များ ရမယ်ထင်ကြရဲ့လား. . . (မထင်ပါဘုရား)၊ တစ်လှမ်းနောက်ဆုတ်လို့မရဘူးဆိုတာ ဒကာ ဒကာမတွေ မှတ်ထားတော့ ခန္ဓာ့လမ်း စဉ်သေလမ်းသွားတာပဲ. . . (မှန်ပါဘုရား)။

## ခန္ဓာကသေလမ်းသွားနေတယ်

ခန္ဓာ့လမ်းစဉ်က. . . (အသေလမ်း သွားပါတယ်ဘုရား) အသေလမ်းသွားပြီး သကာလနေတော့ ကျုပ်တို့ ရ ထားတဲ့ စကားကလေးက မသေရာ ရှာတဲ့ ခဏကလေး ရှာထားတာ အသေလမ်းသွားတာက ဦးသွားမယ်ဆိုရင်ဖြင့် ဆုံးခြင်းကြီး မက ဆုံးရှုံးခြင်းကြီးမက ဆုံးရှုံးတယ်လို့ ကိုယ့်ကိုယ်ကို တွက်ယူပါတော့. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ကျုပ်တို့ ရ ထားတဲ့ခဏကို ကိုးခုမြောက် နဝမက္ခဏ ခုနင်က ရှစ်ခဏတွေကတော့ ရပ်ပြစ်ရှစ်ပါးကိုးဗျ. . . (မှန်ပါ့)၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရနိုင်တဲ့ ခဏထဲမှာရောက်နေတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တဲ့ ခဏထဲမှာ ရောက်ပြီး သကာလနေပြားသော်လည်း ကိုယ်တိုင် မဂ်ဉာဏ်နဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးလို့ရှိရင် ခန္ဓာက သွားလမ်း ရိုးရာ အတိုင်း သွားနေတော့ ခန္ဓာကသေလမ်းမှတစ်ပါး ဘယ်လမ်းမှ မသွားဘူး. . . (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့က ထမင်းစားတယ်ဆို ပေမဲ့လည်း ထမင်းစားရင်း သူဟာသေတဲ့လမ်းပဲ သွားနေတာပဲ . . . (မှန်ပါ့) ခင်ဗျားတို့က ဘုရားရှိခိုးနေတယ်၊ ဘုရားရှိခိုးသွား နေတယ်လို့သာ ပြောလိုက်တယ်၊ သူကတော့ဖြင့် ဘုရားရှိမခိုး ခင်ထက် အသေနီးအောင်သွားနေတာပဲ. . . (မှန်ပါ့) ဆိုနိုင် ပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ ထင်ရှားပြီးသကာလ နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီခဏအတွင်းမှာ ခန္ဓာအသေ မဦးခင်လို့ ဆရာဘုန်းကြီးက သုံးတဲ့ စကားဟာ ဒကာကြွယ် ကောင်း ကောင်းရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) သူက အမှန်သွားနေ လို့ ကျုပ်တို့က မသေရာရှာ မတွေ့သေးခင်၊ သူက အသေလမ်း ကို အမြန်ဆင်းသွားမယ်ဆိုရင် ဦးဘအုန်း ကိုယ်ကျိုးနည်းမယ် . . . (နည်းပါမယ်ဘုရား)။

## မဂ်ဖိုလ်ရနိုင်တဲ့ခဏထဲရောက်နေပြီ

ဒကာ ဒကာမတွေ လေးစားစွာနဲ့ ဒီစကားကို နား

ထောင်ကြည့်ပါ. . . (မှန်ပါ့) မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်တာက ရှစ်ခဏရှိတယ် . . (မှန်ပါ့) ဒကာ ဒကာမတွေကတော့ အခု မဂ်ဖိုလ်ရ နိုင်တဲ့ခဏထဲမှာ ရောက်နေကြတယ်. . . (မှန်ပါ့)၊ မရောက်ကြဘူးလား. . . (ရောက်ပါတယ်)၊ မဂ်ဖိုလ်ရောက် နိုင်တဲ့ ခဏထဲရောက်ပြီးသကာ နေပြောသော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝမ်းထဲမှာ မရောက်သေးတော့ ဝမ်းထဲမှာ မမြင်သေး ဘူးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကတော့ သူအသွားအတိုင်းပဲ သွားနေတယ် . . . (မှန်ပါ့)၊ ခန္ဓာကိုယ်ကတော့ သူ့အသွားအတိုင်းပဲ သွား နေတယ်. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ် ဇာတိ ရကတည်းက ဇရာသွားတာ ပဲ။ ဇရာက ဘယ်သွားသတုံး၊ ဗျာဓိသွားတယ်. . . (မှန်ပါ့)၊ ဗျာဓိက ဘယ်သွားသတုံး. . . (မရဏသွားပါတယ်)၊ အဲဒါ နောက်ဆုတ်လို့များ ရကြရဲ့လား. . . (မရပါဘုရား)၊ မရတော့ သူတို့လည်း သူတို့သွားလမ်းသွားတယ်ဆိုတော့ ကျုပ်တို့ကလည်း ကျုပ်တို့သွားလမ်းကို သွားရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်လှမ်းနိုင်တဲ့ခဏ

ကျုပ်တို့က ကျုပ်တို့သွားလမ်းသွားရမှာက တို့ဒီခဏ ကလေးကို အလွဲသုံးစားလုပ်လို့ မတော်ဘူး၊ သားရေး, သမီးရေး,

စီးပွားရေးနဲ့ အချိန်ဖြုန်းနေလို့ မတော်ဘူး၊ တို့သည် ကားလို့ဆိုရင် နိဗ္ဗာန်လှမ်းနိုင်တဲ့ခဏကို ရပြီးမှပဲ နေရာကျမှာပဲ ဒီခဏနောက် လည်း ကြုံစရာမမြင်ဘူး. . . (မှန်ပါ့ ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ကလည်း သွားမြဲလမ်းအတိုင်း သွားနေတယ်၊ အို. . . သွားတဲ့လမ်းမရောက်ခင် ဒို့က အရယူ မယ်၊ ခန္ဓာကိုယ်နဲ့ ဉာဏ်နဲ့ကိုပဲ ဒကာ ဒကာမတွေ စစ်တိုက်ကြ ပါဦး. . . (မှန်ပါ့) ခန္ဓာကိုယ်က အတင်းသွားမှာပဲ. . . (မှန်ပါ့) သူက အတင်းဘယ်သွားလေ့ရှိသတုံး. . . (သေရာကို သွားလေ့ ရှိပါတယ်)၊ ဉာဏ်က လိုက်ပေးပါ မင်းကလည်း သွားမြဲအတိုင်း သွားတာပဲ၊ မင်းသွားတာကို ဘုရားတောင် တားလို့မရဘူး. . . (မှန်ပါ့)၊ အဲဒီတော့ တို့ရ ထားတဲ့ခဏကလေး ဆုတောင်းပြည့် ဘဝကလေးကိုဖြင့် ကိုယ်အလိုရှိတဲ့ မသေရာကိုမြင်ရတဲ့ အလုပ်ကလေးကို အရယူထားလိုက်မယ်ဆိုပါမှ ခင်ဗျားတို့ နေရာ ကျတော့မယ်. . . (မှန်ပါ့ဘုရား)။

ဒီဟာကလေးမှ လက်လွတ်သွားလို့ရှိရင်ဖြင့် **ခဏာတိ တာ ဟိသောစန္တိ၊ ခဏာတီကာ** ယခုရထားတဲ့ ခဏကလေးကို လွန်ကြကုန်သည်ရှိသော်၊ **သောစန္တိ၊** စိုးရိမ်ကြောင့်ကြတာနဲ့ပဲ အချိန်ကုန်ကြတော့မယ်. . . (မှန်ပါ့)၊ အပါယ်ငရဲရောက်မှာကိုးဗျ . . . (မှန်ပါ့) ငရဲများ ရောက်သွားရင် ဘယ်တော့လွတ်ပါ့မတုံး၊ ဘယ်တော့ကျွတ်ပါ့မတုံး စိုးရိမ်ကြောင့်ကြမှုနဲ့ အချိန်မကုန်ဘူး လား. . . (ကုန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခဏကိုးပါး ရှိတဲ့အနက်က မဂ်ဖိုလ်မရနိုင်တာက ရှစ်ပါး၊ မဂ်ဖိုလ်ရနိုင်တာက တစ်ပါးပဲရှိတယ်. . . (မှန်ပါ့) ဤတစ်ပါးတည်းမှာ အခုကြုံကြပြန် တော့လည်း ခန္ဓာကိုယ်ကြီးက မလျှော့စတမ်း သေရာသွားနေတဲ့ ဥစ္စာ ကိုယ်က မအောင်မြင်ဘဲနဲ့ သူက အောင်မြင်သွားမယ်ဆိုရင် ဦးဘအုန်း ကိုယ်ကျိုးနည်းပြီ. . . (မှန်ပါ့) မနည်းဘူးလား. . . (နည်းပါတယ်ဘုရား)။

## ကိုယ့်ကိစ္စကို မြန်မြန်ပြီးအောင်လုပ်လိုက်

အဲဒါတွေကို ဉာဏ်နဲ့ ဒကာ ဒကာမတွေက စဉ်းစား လိုက်တော့မှ နက်ဖြန် ဘာဖြစ်ဦးမှာလိုလို၊ ဘာတွေညာတွေ တွေးမနေနဲ့ ကိုယ့်ကိစ္စကို မြန်မြန်ပြီးအောင် လုပ်လိုက်ဦး. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒါကလေးကိုသာ မြန်မြန်မြင်အောင်လုပ်ပြီးတော့ ဒကာ ဒကာမတွေ ကိုယ့်ခဏ ကလေးကိုသာ ကိုယ်နှမြောဖို့ အရေးကြီးတယ်၊ သူများကိစ္စကို ကျုပ်တို့အရေးမစိုက်နိုင်ဘူး သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ကိုယ့်ခဏကလေးသာ. . . (အရေးကြီးပါတယ် ဘုရား)၊ ကိုယ်နှမြောမှုနဲ့ အသုံးချရမယ်. . . (မှန်ပါ့)၊ နှမြောမှု အသုံး ချမယ်ဆိုတာက နိဗ္ဗာန်ရနိုင်တဲ့ခဏ မရပဲနေဦးမှာ စိုးရိမ်တယ်

. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ နိဗ္ဗာန်ရနိုင်တဲ့ ဘဝ မရဘဲနဲ့ ခန္ဓာကိုယ်သွားတဲ့လမ်းက အရင်ဦးသွားမယ်ဆိုရင်ဖြင့် ကိုယ်ကျိုးနည်းပြီ. . . (မှန်ပါ့)။

## ရုပ်စကား၊ ရွာစကားတွေအသာထား

အဲဒါတွေကို ဒကာ ဒကာမတွေ ဉာဏ်လှည့်စမ်းပါခင်ဗျားတို့ရုပ်စကား ရွာစကားတွေ အသာထားဦး. . . (မှန်ပါ့)ကိုယ့်ခဏကလေးကို ကိုယ်မအောင်မြင်မှာ စိုးရိမ်ရတယ်. . . (မှန်ပါ့) မဂ်ဉာဏ်ရနိုင်တဲ့ခဏ အခုကြုံနေပြီ. . . (မှန်ပါ့)၊ မကြုံဘူးလား. . . (ကြုံပါတယ်ဘုရား)။

မဂ်ဉာဏ်ရနိုင်တဲ့ ခဏကြုံတော့ကြုံပါရဲ့၊ ကြုံပေမဲ့ခန္ဓာကိုအားထုတ်ရမှာပဲ၊ ဒီခန္ဓာကြီးကလည်း တစ်ခါတည်းမင်းအားထုတ်ရင်ထုတ် မင်းမထုတ်ရင်လည်း ငါကတော့ သေရာသွားမှာပဲ၊ ထုတ်နေလည်း သေရာသွားမှာပဲ. . . (မှန်ပါ့)၊ မင်းကဦးအောင်လုပ်ရင်တော့လုပ်ပဲ. . . (မှန်ပါ့ဘုရား)။

ဒါလောက်ထိအောင် ခန္ဓာကလည်း အတင်းကန်ရုန်းပြီး သကာလသေလိုက်မယ်. . . သေလိုက်မယ် အမြဲပြောနေတာ. . . (မှန်ပါ့)၊ ခေါင်းကိုက်တယ်ဆိုတာ သေလိုက်မယ်ပြောတာပဲ. . . (မှန်ပါ့)၊ တောင်းပန်ရင်တောင်းပန် မတောင်းပန်ရင် သေလိုက်မယ်တဲ့. . . (မှန်ပါ့)၊ နှာကလေးနဲ့ တောင်းပန်လိုက်

ဝမ်းနှုတ်ပြီး သကာလ တောင်းပန်လိုက်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ အဲဒါမင်းတို့ တောင်းပန်ချင်တောင်းပန်၊ မတောင်းပန်ချင်နေ ငါကတော့ဖြင့် ဒီအနာနဲ့ မသေရရင် ဟိုအနာနဲ့ သေဖို့ရာ သွားမှာပါပဲ. . . (မှန်ပါ့)၊ ဒီခန္ဓာကြီးကလည်း လျှော့ရဲ့လား. . . (မလျှော့ပါဘုရား)။

## မအောင်မြင်ရင်သိပ်ပြီးနှမြောဖို့ကောင်းတယ်

အဲ. . . မလျှော့တန်းသွားနေတဲ့ ခန္ဓာကြီးနဲ့ ဒကာ ဒကာမတွေက နေရတော့ ကိုယ့်ဆုတောင်းပြည့်ထားတဲ့ ကိုးခု မြောက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရနိုင်တဲ့ ခဏကိစ္စကို မအောင်မြင် လိုက်ရင်ဖြင့် ဒီထက်ကိုယ်ကျိုးနည်းမှာမတွေ့ဘူး. . . (မတွေ့ပါ ဘုရား)၊ သိပ်ပြီးမနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား)။

အဲဒီတော့ ဘုရားက အရေးကြီးသလို ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း နှမြောဖို့သိပ်ကောင်းတယ်. . . (မှန်ပါ့ ဘုရား) နှမြောဖို့ သိပ်ကောင်းတယ်လို့ ဒကာသစ်တို့၊ ဒကာအုန်း တို့ လေးနက်စွာပြောနေတယ်. . . (မှန်ပါ့) ကြည့်လိုက်စမ်း ဟိုရှစ် ခဏကို လွတ်လာခဲ့တယ်. . . (မှန်ပါ့)။

## အကြောင်းအကျိုးထူးတဲ့ပုဂ္ဂိုလ်တွေ

လွတ်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တဲ့ ဗြဟ္မစရိယ

ခဏကိုရနေတယ်. . . (မှန်ပါ့) ဒီအထဲက ဘုန်းကြီးတခါ ခင်ဗျားတို့ ရ ထားတော့ အင်မတန်လဲ အကြောင်းအကျိုး ထူးတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ သို့သော်ခန္ဓာကြီးကပါနေတော့ ခန္ဓာကြီးက သူ့လမ်းကို သူသွားနေတယ်၊ ခင်ဗျားတို့က ဦးအောင် နှုတ်နိုင်ရင် နှုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အရယူနိုင်ရင်ယူ၊ မယူနိုင်သူက အသေလမ်းချည့် သွားပစ်နေတာ ခင်ဗျားတို့ အမြင်သား. . . (မှန်ပါ့ဘုရား)။

ဒီအထဲက ခင်ဗျားတို့က ကိုယ့်အရေးကြီးတာကိုတော့ ဂရုမစိုက်ဘဲနဲ့ သူသွားရာကို လိုက်နေကြမယ် ဆိုလို့ရှိရင်တော့ ခင်ဗျားတို့ တောင်းလာတဲ့ဆု၊ လုပ်လာတဲ့ ကုသိုလ်တွေဟာ အလုံးစုံအရာမထင်ဘဲဖြစ်ပြီး သကာလ အလဟဿ ဒကာ ဒကာမတို့ အပါယ်လေးပါးပဲ ပြန်ရောက်သွားရင် ဒီနေရာကလေး ဒီခဏကလေးထဲ ပြန်တိုးနိုင်ဖို့ ဝင်နိုင်ခွင့် ရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ အင်မတန် ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

## ဘာတွေညာတွေရှုပ်မနေစမ်းပါနဲ့

အေး. . . ဒါကြောင့် ခင်ဗျားတို့က သားကလေးမကြီး သေးလို့၊ သမီးကလေးလူလားမမြောက်သေးလို့၊ ဘယ်သူ့ကို နေရာမချရသေးလို့ စသည်နဲ့ ဘာတွေညာတွေရှုပ်မနေစမ်းပါနဲ့

ကိုယ့်အရေးကိုယ်ကြီးလိုက်စမ်းပါ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာအရေးကြီးရမှာပါလိမ့်. . . (ကိုယ့်အရေးကိုယ် ကြီးရမှာပါ) ကိုယ့်အရေးကိုယ်ကြီးလို့ ဆရာဘုန်းကြီးက မှာချင်တယ်နော်၊ ဒီခဏနဲ့လွဲသွားမှာစိုးလို့. . . (မှန်ပါ့) ပြီးတော့ ဒီခဏလေးမင်္ဂလာဖိုလ်ဉာဏ်ရဖို့ အလုပ်ဆိုတာကလည်း ကိုယ်က ပိုက်ဆံရှိလို့ အစေခံထားပြီး လုပ်လို့ရတဲ့ အလုပ်မျိုး လည်း မဟုတ်ဘူး . . . (မှန်ပါ့) ကိုယ်တိုင်ကိုယ်ကျ လုပ်ယူမှရတဲ့ အလုပ်မျိုး. . . (မှန်ပါ့)။

အပါယ်သို့ မသွားချင်ပါဘူးဆိုလဲ အပါယ်သွားတဲ့ အကုသိုလ်မရှိအောင် ကိုယ့်ဟာကိုယ်လုပ်ရမှာပဲ. . . (မှန်ပါ့) နိဗ္ဗာန်သွားချင်ပြန်လည်း သွားနိုင်တဲ့အလုပ်ကို ကိုယ်တိုင် လုပ်ရမှာပဲ. . . (မှန်ပါ့ဘုရား)။

## အပါယ်ရောက်စေတတ်တဲ့တရားကိုရှောင်

အပါယ်လေးပါးရောက်စေတတ်တဲ့ တရားတွေကို ရှောင်ရမှာလည်း သူများက ရှောင်ပေးလို့ ရပါ့မလား. . . (မရပါ ဘုရား) ကိုယ်တိုင်ရှောင်မှ ကိုယ်တိုင်လွတ်မယ်. . . (မှန်ပါ့) ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးရောက်အောင်လုပ်တဲ့ အလုပ်ကော. . . (ကိုယ်တိုင်လုပ်ရမှာပါဘုရား)။

ဒါကပိုက်ဆံရှိလို့ သူများကိုစေခိုင်းပြီး လုပ်လို့ရတဲ့ အလုပ် မဟုတ်ဘူး. . . (မှန်ပါ့) ကိုယ်စားလှယ် ငှားလို့ကော. . . (မရပါ ဘုရား) မရဘူး၊ သတင်းစာကြော်ငြာပြီးသကာလ ရှာလို့ကော . . . (မရပါဘုရား) မရဘူး၊ မရဘူးဒီအလုပ်တွေက အလကား အလုပ်တွေလို့ ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဒကာအုန်းတို့ သေသေချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ်တိုင်လုပ်မှ ကိုယ်ရမည့်အဖြစ်ကလည်း မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ အဲဒီတော့ ကိုယ်လုပ်မှကိုယ်ရမှာကို သားကလေး လူလားမမြောက်သေးလို့၊ သမီးကလေးနေရာမချရသေးလို့ ဆိုတာမျိုးတွေဟာက ဒကာကြွယ် ဘာတုံးဒီဥစ္စာ မှားလုံးသက်သက်ပဲ၊ မဆိုထိုက်ဘူး လား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ မှားလုံးသက်သက်ပဲဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်းသဘောကျပလား. . . (ကျပါပြီဘုရား)။

## မင်းစိတ်ကိုက တော်တော်မိုက်တယ်

အဲဒါ ခင်ဗျားတို့ ပြော်. . . မင်းစိတ်ကိုက တော်တော် မိုက်တယ်၊ ကိုယ့်ကိုယ်ကို ဆုံးမပါ၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးဟာ ဘာမကြီးသေးလို့ ညာမကြီးသေးလို့နဲ့တောင် နေလို့ရနိုင်သလား၊ သားမကြီးသေးလို့ မင်းခန္ဓာကိုယ်က

အသေလမ်းသွားတာ လျှော့သလား မေးကြည့်. . . (မလျှော့ပါဘုရား)။

မလျှော့ဘူးဆိုတာတော့ မင်းစိတ်ကူးတာက တစ်မျိုးခန္ဓာသွားတာကတဖုံလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)၊ ဒီတော့ မင်းဟာ အရူးစိတ်ကူးနေတာလို့ ကိုယ့်ကိုယ်ကိုယ်လည်း မြည်တွန်ရသေးတယ်. . . (မှန်ပါ့) အရူးစိတ်ကူးနေရင် ဘယ်တော့ တည့်လာမှာတုံး. . . (မှန်ပါ့) သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ဒကာ ဒကာမတွေ တော်တော်ကြာလို့ရှိရင်ဖြင့် မိန်းမချင်းတွေရင်လည်း ဒီအရူးစိတ်ကူးကလာပြီ. . . (မှန်ပါ့) ယောကျ်ားအချင်းချင်းတွေ့ပြန်လို့ရှိရင်လည်း ထို့အတူပဲ၊ သားကလေး လူလားမြောက်လို့ရှိရင်ဖြင့် ဒီလို ဒီလိုပဲ အစရှိသည်နဲ့ အရူးစိတ်ကူးက တိုးတိုး တိုးတိုး ပြောချင်လာတယ်. . . (မှန်ပါ့) ကိုယ့်အတွက် စိတ်ကူးကမပါဘူး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒိခဏလွန်ရင်နစ်နာတော့မယ်

ကိုယ့်အတွက်စိတ်ကူးက ဒိခဏကလေးများ လွန်သွားရင်ဖြင့် အသေလမ်းချည့်ရောက်ရချေရဲ့၊ အသေလမ်း ရောက်လို့ရှိရင်လည်း ဘယ်တော့မှ ပြန်ပြီးမတက်နိုင်တော့ပါဘူး၊ အပါယ်

လေးပါးရောက်သွားရင် အဲဒါမှ ကိုယ်ကျိုးနည်းတာပါ . . . (မှန်ပါ့)၊ သားဘာဖြစ်လို့ သမီးဘာဖြစ်လို့ဆိုတာ ဆင်ခြေတွေပေးနေတာ မင့်အရှုံးမို့ ပြောနေတဲ့စကားပဲ၊ မင်းဒီခဏ လွန်သွားရင် သေသေချာချာ မင်းနစ်နာတော့မယ်. . . (မှန်ပါ့)။

မင်း, သားတွေ သမီးတွေက မင်းသေတော့ အမေအဖေအမျှပဲဆိုတာကလေး၊ ဆွမ်းကလေးသာမညကျွေးပြီး အမျှလို့အော်ခေါ်ရတာနဲ့ မင်းကလွမ်းမနေနဲ့လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမရသေးတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ခင်ဗျားတို့က ဒါကလေးတွေ သူတို့ဖို့ ထားခဲ့ရဦးမယ်ဆိုတော့ ဆွမ်းသွတ်ဖို့ထားခဲ့တာ. . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါပါပြီဘုရား)။

အဲဒါခင်ဗျားတို့က သားကလေး သမီးကလေးတွေများ ပြောပြီးသကာလ ယုယပြီးသကာလ နေလိုက်တာ ရှေ့တွင် တစ်မျိုးကွယ်ရာတစ်ဖုံတွေက ရှုပ်လို့ပေါ့ဗျာ. . . (မှန်ပါ့) ရှေ့တွင်တော့ မချစ်ချင်ယောင်ဆောင်ပြီး ကွယ်ရာကနေ ရင်ထုချင်ထုနေတော့ ဒီဥစ္စာတွေဟာ အတော်အရုပ်ဆိုးတယ်လို့ ဆိုထိုက်မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

## သူများအရေးကြောင့်ရင်ထုကြရတယ်

သူများအရေးကြောင့် ရင်ထုရတာလား. . . (သူများအရေးကြောင့် ရင်ထုရတာပါဘုရား) ဟာ. . . ဒီကရှေ့ကိုတော့ ထုခြင်းထုရင် ကိုယ့်အရေးကြောင့်ထုပါ. . . (မှန်ပါ့)၊ နိဗ္ဗာန် မဂ်ဖိုလ် မင်းအာရုံမပြုနိုင်သေးဘူး မင်းကိုယ်ကျိုးနည်းလိမ့်မယ်ဆို ပြီး မင်းမြန်မြန်လုပ် မင်းအရေးသာ မင်းကြီးတယ်ဆိုပြီး ကိုယ့် အရေးသာ ကိုယ်ထုယူပါ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ကိုး ခဏာရှိတဲ့အနက် ဒီတစ်ခဏာတည်းသာ မဂ်ဖိုလ်ရနိုင်တဲ့ ခဏာကိုးဗျ. . . (မှန်ပါ့) ခုနင်ကပြောခဲ့တဲ့ အသညသတ်အရူပတွေမှာ ဖြစ်နေရင်လည်း ရပ့်မလား. . . (မရပါဘုရား) ငရဲဖြစ်နေရင်တော့. . . (မရပါ ဘုရား) ပြိတ္တာဖြစ်နေရင်ကော. . . (မရပါဘုရား) မိစ္ဆာဒိဋ္ဌိဖြစ် နေရင်ကော . . . (မရပါဘုရား)။

ပစ္စန္တရာဇ်အရပ်ဖြစ်နေမယ်. . . (မရပါဘုရား)၊ တရားတွေ ဘယ်လိုပင်ဟောပြောသော်လည်း သုညတမွှဆိုတဲ့ ရုပ်နာမ်ဖြစ်ပျက်တွေဟောရင် နားမလည်တဲ့ဘဝ ရောက်နေရင် ကော. . . (မရပါဘုရား)၊ ဘုရားမပွင့်တဲ့အခါနဲ့ ကြုံနေရင်ကော . . . (မရပါဘုရား)။

ကဲ အခုတော့ ဘုရားသာသနာတော်ကြီးနဲ့လည်းကြုံ . . . (မှန်ပါ့)၊ လူ့ဘဝကိုလည်းရ၊ ထောင်နိုင်တဲ့နားကလေးရှိတဲ့ ပဏ္ဍိတဘဝကလေးကလည်း မကြုံဘူးလား. . . (ကြုံပါတယ်ဘုရား)၊ အဲဒီခဏကလေးကို ဒကာကြွယ် လွန်သွားမှာသိပ်စိုးရိမ်တယ်. . . (မှန်ပါ့) ဒါ့ကြောင့် . . .

"**ခဏောဝေမာ ဥပစ္စဂါ၊ ခဏာတီတာဟိသော စန္တိနိရယမိသမပ္ပိတာ**"လို့ ဓမ္မပဒမှာ ဟောပါတယ်၊ အင်္ဂုတ္တိုရ်မှာလည်း ဒီအတိုင်းဟောတယ်လို့ မှတ်ရမယ်. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

## ကိုယ့်ခဏ၊ ကိုယ်အရေးကြီးစမ်းပါ

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ကိုယ့်ခဏကို ကိုယ်အရေးကြီးစမ်းပါ၊ သားသမီးတွေနဲ့ ပတ်သက်ပြီး တောင်ပြောမြောက်ပြောပြောပြီးသကာလ ကိုယ့်မှာဖြင့် အနာတွေကမပျောက်နိုင်ရတဲ့အထဲ သူများအနာအတွက် မျက်ရေကျမနေစမ်းပါနဲ့. . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

ကိုယ့်အနာမပျောက်သေးတဲ့ ပုဂ္ဂိုလ်က သူများအနာတွေအတွက် ကျုပ်ဖြင့် ခက်သေးတယ်လို့ မျက်ရည်ကျနေမယ်ဆိုရင် ဒီလူရူးလို့ဖြစ်ရမယ်. . . (မှန်ပါ့) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါ

တယ်ဘုရား) ကိုင်း. . . ဒါဖြင့် သဘောပါကြပလား. . . (ပါပါ ပြီဘုရား)။

ဒါဖြင့် ဒကာကြွယ်ရေ ဘာအရေး ညာအရေးတွေ အသာထား ကိုယ့်ခဏကလေးကို ကိုယ်မလွန်စေနဲ့. . . (မှန်ပါ့) ကိုယ်ရထားတဲ့ ခဏလေးကို. . . (မလွန်စေနဲ့ပါဘုရား) မလွန်စေနဲ့ဆိုတာတောင်မှ အသက်တန်းကြည့်တော်တော်လွန်လာပြီ နောက်ပိုင်းကလေးပဲကျန်တော့တယ်. . . (မှန်ပါ့ဘုရား)။

ဒီနောက်ပိုင်းကလေးထဲကမှ နှုတ်ဦးမယ်၊ သားရေး၊ သမီးရေး၊ စီးပွားရေးအတွက် နှုတ်ဦးမယ်ဆိုရင် မကျန်တော့ဘူး. . . (မှန်ပါ့)၊ ဗလာသေရလိမ့်မယ်၊ ဗလာသေတဲ့ ပုဂ္ဂိုလ်ကျတော့ အပါယ်လေးပါးက တက်တဲ့ မဂ်ဉာဏ်မပါတော့ဘူးဆိုရင် အပါယ်လေးပါးသွားတဲ့ တရားတွေက ဦးစီးသွားလိမ့်မယ်. . . မစီးပေဘူးလား. . . (စီးပါတယ်ဘုရား) အဲဒါ့ကြောင့် ဒကာ ဒကာမတို့ နည်းနည်းကလေးမှ မနှုတ်ပါနဲ့တော့လို့ ပြောလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## နည်းနည်းထဲကမနှုတ်ပါနဲ့တော့

ဘယ်လိုသတိပေးလိုက်တုံး. . . (နည်းနည်းထဲက မနှုတ် ပါနဲ့တော့)၊ ဒကာကြွယ်နောက်နေရလှရင် ဆယ်နှစ်ဆိုတာ အင် မတန် ကံကောင်းမှ ဒီအထဲက နှုတ်ဦးမယ်ဆိုရင် ဘာကျန်တော့

မတုံး. . . (ဘာမှမကျန်ပါဘုရား)၊ နဂိုက နှုတ်ထားတာက ငါးဆယ်ခြောက်ဆယ်. . . (မှန်ပါ့)၊ ကျန်တဲ့ တစ်ဆယ်ထည်းက နှုတ်ဦးမယ်ဆိုတော့ ဘာကျန်တော့မတုံး. . . (မကျန်ပါဘုရား) ဒကာအုန်းတို့လည်း ဒီအတိုင်းမနေဘူးလား. . . (နေပါတယ် ဘုရား)၊ အဲဒီတော့ နှုတ်စရာမရှိတော့ဘူး ခင်ဗျားတို့ ကြံဖန်ပြီး ကိလေသာက ဆွဲနှုတ်နေရင်တော့ မပြောတတ်ဘူး. . . (မှန်ပါ့ ဘုရား)။

ကိလေသာဆိုတာကတော့ သားအတွက် လုပ်လိုက်ပါ ဦး၊ သမီးအတွက် လုပ်လိုက်ပါဦး၊ မြေးအတွက် လုပ်လိုက်ပါဦး၊ ရွာအတွက် လုပ်လိုက်ပါဦးဆိုတော့ ဒါတွေက ကိလေသာတွေ က နှုတ်သွားတာတွေ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါ ပြီဘုရား)။

ကိလေသာတွေ နှုတ်တဲ့အထဲမှာ ဒကာ ဒကာမတွေ ဒီကျန်တဲ့ခဏကလေးက နှုတ်ဦးမယ်ဆိုလို့ရှိရင် ဗလာသေလို့သာ မှတ်ပေတော့. . . (မှန်ပါ့ဘုရား)။

ဘာသေတဲ့တုံး. . . (ဗလာသေပါဘုရား) ဗလာသေ ဆိုတာက နိဗ္ဗာန်မဂ်ဖိုလ်ဝင်မည့် ဂေဇက်မထွက်ဘူးလို့ ပြောတာ . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ရနိုင်တဲ့ခဏ

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီခဏကိုးခုရှိတဲ့ အနက်က တစ်ခဏသာလျှင် နိဗ္ဗာန်မဂ်ဖိုလ်ရနိုင်တဲ့ ခဏရှိတယ် . . . (မှန်ပါ့)၊ ဒီခဏကလေးထဲက နှုတ်ခဲ့တာလည်း ခင်ဗျားတို့ ဒီဘဝမှာ အတော်ကုန်ပြီ. . . (မှန်ပါ့)၊ ရှေ့ကို ဆက်နှုတ်ဦးမယ်ဆို ရင် ကျန်ပါဦးမလား. . . (မကျန်ပါဘုရား) ကဲ. . . ဒကာအုန်းတို့ ဒကာသစ်တို့ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီခဏလွန်သွားရင်လည်း ဘုရားက စိုးရိမ်သောက ဗျာပါဒနဲ့နေရမည့်. . . (အပါယ်လေးပါး) ဘေးပဲရှိ တော့တယ်လို့ သေသေချာချာဟောတော်မူတယ်. . . (မှန်ပါ့) ကဲ-ဒကာ ဒကာမတို့ အခုပြုံးသလောက် မဲ့ရမည်ဆိုတာကော ပြောဖို့လိုသေးသလား. . . (မလိုပါဘုရား)။

ကိုင်း. . . ဒါဖြင့် ခဏတွင်းတရားကို မြန်မြန်ရောက်တဲ့ တရားကို ဟောကြစို့. . . (မှန်ပါ့) ခဏတွင်းမှာ ဟောနိုင်တဲ့ ပုဂ္ဂိုလ်လည်းရှိတယ်နော်. . . (မှန်ပါ့) ခင်ဗျားတို့ကလည်း ဒီခဏ အတွင်းမှာ ကိုးခုမြောက် ခဏထဲမှာလာပြီးဖြစ်ရလို့ ပဏ္ဍိတဘဝ ရောက်နေလို့ သုညတဖြစ်တဲ့ဓမ္မတွေကို ခင်ဗျားတို့ နာနိုင်တာ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ '**အဂ္ဂိဝစ္ဆပုဏ္ဏား အကြောင်းကိုပင်**' ယနေ့နိဗ္ဗာန်ကို ရှင်းရှင်းလင်းလင်းမေးတဲ့ အကြောင်းရှင်းပြမယ်နော်. . . (မှန်ပါ့ဘုရား)။

## ဒိဋ္ဌိစင်မှနိဗ္ဗာန်သိတယ်

နိဗ္ဗာန်သိချင်ရင် ဒိဋ္ဌိစင်မှ နိဗ္ဗာန်သိတယ်၊ ဒါကို ရှေးဦးစွာ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)၊ ဒိဋ္ဌိမစင်ဘဲနဲ့ နိဗ္ဗာန်သိတယ်လို့ ပြောနေတာ တကယ်နိဗ္ဗာန်ကို သဘောမကျပါဘူး. . . (မှန်ပါ့)၊ ပြောသံကြား နိဗ္ဗာန်တော့ သူပြောချင်ပြောလိမ့်မယ်နော်. . . (မှန်ပါ့) စင်စစ်နိဗ္ဗာန်သိမှာကတော့ ဒိဋ္ဌိစင်တဲ့ပုဂ္ဂိုလ်မှ နိဗ္ဗာန်ကို သဘောကျတယ်၊ နို့မဟုတ်ရင် မိဖရိုးရာ နိဗ္ဗာန်သာဖြစ်၍ တကယ်ရောက်ချင်ရချင်တဲ့ နိဗ္ဗာန်မဟုတ်ပါဘူး. . . (မှန်ပါ့)၊ ဒါကို သေသေချာချာမှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေထဲမှာ ဒိဋ္ဌိမစင်ဘဲနဲ့ နိဗ္ဗာန်ကို လိုချင်တဲ့ပုဂ္ဂိုလ် ဦးဘအုန်း များမများ. . . (များပါတယ်ဘုရား) ဒိဋ္ဌိလည်း မစင်ဘူး နိဗ္ဗာန်လည်း လိုချင်တယ်ဆိုတော့ ပြောသံကြားလို့ လိုချင်တာ၊ ကိုယ်ပိုင်ဉာဏ်ထဲက လိုချင်တာ မဟုတ်ဘူး. . . (မှန်ပါ့) ကိုယ်ပိုင်ဝမ်းထဲက လိုချင်တာကတော့ ဒိဋ္ဌိကင်းစင်တဲ့ ဉာဏ်ရတော့မှ သြော်. . . နိဗ္ဗာန်ဆိုတာ ဒီလိုပါကလားဆိုတာ သဘောကျတယ်. . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်နားလည်ချင်ရင် ဒိဋ္ဌိစင်အောင်လုပ်

ဒါဖြင့် နိဗ္ဗာန်နားလည်ချင်လို့ရှိရင် ဒိဋ္ဌိစင်အောင်လုပ်ပါ။ နိဗ္ဗာန်ကို သူနားလည်မယ်၊ နားလည်တော့မှ တကယ်လိုချင်

. . . တကယ်ရောက်ချင်တဲ့ဉာဏ်ပေါ်လာတယ်. . . (မှန်ပါ့)၊ ဒါ့ကြောင့် ဒိဋ္ဌိမစင်တဲ့ပုဂ္ဂိုလ်က နိဗ္ဗာန်လိုချင်တယ်ဆို ရိုးရာပြောသံကြားနဲ့ လိုချင်တာလို့မှတ်. . . (မှန်ပါ့ဘုရား)။

ဦးဘအုန်း ဒီဥစ္စာ အရေးကြီးတယ်နော်. . . (မှန်ပါ့) နိဗ္ဗာန် ရောက်ချင်တဲ့ပုဂ္ဂိုလ်ဟာ ဘာစင်ဖို့ အရေးကြီးသတုံး. . . (ဒိဋ္ဌိစင်ဖို့ အရေးကြီးပါတယ်ဘုရား)၊ ဒိဋ္ဌိစင်ဖို့ အရေးကြီးတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်လိုချင်တာတကယ်ဟုတ်ကဲ့လား

မယုံရင် ခင်ဗျားတို့ ခဏကလေး တစ်ချက်တည်း ထောက်ကြည့် သိတယ်၊ နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် ဘယ်လိုနေပါလိမ့်မလဲ. . . နိဗ္ဗာန်ဆိုတာ ခန္ဓာဇာတ်သိမ်းငြိမ်းတာပဲ. . . (မှန်ပါ့) ဒီလိုဆိုတော့ ဒိဋ္ဌိတန်းလန်းရှိနေတဲ့ ပုဂ္ဂိုလ် အို. . . ခန္ဓာ မရှိရင် ဘာနဲ့စားလို့၊ ဘာနဲ့ဝတ်မတုံးလို့လာပြီ. . . (မှန်ပါ့)၊ သူသဘောကျသေးရဲ့လား. . . (မကျပါဘုရား)၊ ဒိဋ္ဌိမစင်ဘဲကိုး . . . (မှန်ပါ့) ခန္ဓာပေါ်မှာ ဒိဋ္ဌိမစင်တဲ့အတွက် ဘာနဲ့စားလို့ ဘာနဲ့ဝတ်မတုံး ကျုပ်တို့မလိုချင်ဘူး. . . (မှန်ပါ့)၊ တစ်ခါတည်း ဒိဋ္ဌိက ကန့်ထုတ်တော့တာပဲ. . . (မှန်ပါ့)၊ ဒါ့ကြောင့် ဒိဋ္ဌိမစင်ဘဲနဲ့ နိဗ္ဗာန်လိုချင်တယ်ပြောတာ ဒကာကြွယ် အလကားနော်. . . (မှန်ပါ့ဘုရား)။

## နှစ်နှစ်ချိုက်ချိုက်လိုချင်တာလား

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ လျှုဒါန်းပေးကမ်းပြီး သကာလ ဒိဋ္ဌိပြုတ်နည်း နိဿရည်းကိုတော့ သူတို့နည်း မရဘူးဆို ကြပါစို့. . . (မှန်ပါ့)၊ လျှုဒါန်းပေးကမ်းတဲ့ ပုဂ္ဂိုလ်က ရိုးရာအတိုင်း နိဗ္ဗာန်လိုချင်လို့ဆိုတာသူဟာ တကယ့်နှစ်နှစ် ချိုက်ချိုက် လိုချင်လို့လား. . . ရိုးရာအတိုင်း လိုချင်တာလား. . . (ရိုးရာအတိုင်း လိုချင်တာပါဘုရား)၊ မရဘူး. . . မရဘူး. . . ရိုးရာအတိုင်း လိုချင်လို့ရှိရင်ဖြင့် ဘာ့ကြောင့်တုံးဆိုတော့ သူ့ကို သေသေချာချာစစ် နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ဓမ္မတွေချုပ်ပြီး ငြိမ်းသွားတာကို ဟောလိုက်တော့ ဒိဋ္ဌိမစင်သေးတဲ့ပုဂ္ဂိုလ်ကျ တော့ ဒကာ ဒကာမတို့ ရုပ်နာမ်မှ မရှိလို့ရှိရင် ဘာကိုခံစားလို့ ဘယ်လိုပျော်ပါးလို့ ချမ်းသာဆိုတာ ဘယ်မှာတုံးလို့ သူမေးမှာပဲ . . . (မှန်ပါ့)၊ မမေးဘူးလား. . . မေးမလား. . . (မေးပါတယ် ဘုရား) ဒါဘာဖြစ်လို့ မေးတာတုံး အကဲခတ်ကြည့် . . . (ဒိဋ္ဌိ မစင်လို့ပါဘုရား)၊ ခန္ဓာငါးပါးကို သက္ကာယစွဲထားတော့ ငါဘာခံစားမတုံးဆိုတဲ့ အဓိပ္ပါယ်မေးလိုက်တယ် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ရိုးရာအတိုင်းလိုချင်တာ

ဒါဖြင့် နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်တွေ အခုလို ဒိဋ္ဌိခွါပေးမည့် ဆရာသမားနဲ့လည်း မတွေ့ဘဲနဲ့ နိဗ္ဗာန်ကိုလိုချင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်လိုချင်တာဟုတ်မဟုတ် ဒကာသစ်တို့ ဦးဘအုန်းတို့ အကဲခတ်စမ်း. . . (ရိုးရာပဲဖြစ်မှာပါဘုရား) ရိုးရာလိုချင်တာပဲ ဖြစ်ရမယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (ရိုးရာပါဘုရား) အဲ. . . ရိုးရာနဲ့ ပါးစပ်ကလိုချင်တာနဲ့သာ အချိန်ကုန်နေကြတာပဲ. . . (မှန်ပါ့) ရိုးရာဆိုတော့ ဒကာကြွယ်တို့ ဒကာသစ်တို့က စဉ်းစားတော့ ဩော်. . . သူဟာအဟုတ်လိုချင်တာလား. . . ပြောသံကြားနဲ့ ပြောနေတာလား. . . (ပြောသံကြားနဲ့ ပြောနေတာပါဘုရား) ဒါဖြင့် အဟုတ်လိုချင်မှ အဟုတ်ရမည့်အလုပ်ကို သူလုပ်မယ်မဟုတ်လား. . . (မှန်ပါ့) အဲဒီတော့ အလုပ်ဖြစ်ပါဦးမလား. . . (မလုပ်ဖြစ်ပါဘုရား)။

## ဒိဋ္ဌိကခန္ဓာကိုစွဲနေတာ

ဘာဖြစ်လို့ မလုပ်ဖြစ်သတုံးဆိုတော့ အဟုတ်ကို ဒိဋ္ဌိမစင်တော့ နိဗ္ဗာန်ဆိုတာ ခန္ဓာမရှိဘူး၊ ခန္ဓာမရှိတော့ ဘာခံစားမလဲ စသည်တွေးပြီး မလိုချင်ဘူး၊ သူ့မှာဒိဋ္ဌိက ခန္ဓာကို စွဲနေ

တာကိုးဗျ. . . (မှန်ပါ့)၊ အဲဒီတော့ သူကြိုက်ပါဦးမလား . . . (မကြိုက်ပါဘုရား)။

ဒါဖြင့် ဆရာသမားဆီက နည်းရပြီ၊ ဒိဋ္ဌိမစင်ဘဲနဲ့ နိဗ္ဗာန် လိုချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်အပြောဟာ ဒကာကြွယ်ရိုးရာ ပြောလို့ မှတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

ဒါ. . . ပုဂ္ဂိုလ်ကို ဒီနေ့တော့ ဒကာသစ် သေသေချာချာ ရွေးချယ်စီစစ်ပြီ. . . (မှန်ပါ့)၊ သေသေချာချာ ရွေးပြီ ဒကာ ဒကာမတို့ ဒါကို ဉာဏ်နဲ့ နားထောင်ကြည့်မှ၊ သြော်. . . ဒီစကား ဟာ တော်တော်ကြီးတဲ့ စကားပါလားဆိုတာပေါ်လာတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိမစင်ဘဲနဲ့ နိဗ္ဗာန်လိုချင်လို့ရှိရင် ရိုးရာလိုချင်တာ . . . (မှန်ပါ့)၊ ရိုးရာလိုချင်နဲ့ အမှန်လိုချင် ကွဲပလား. . . (ကွဲပါပြီ ဘုရား)။

ဒကာကြွယ်. . . ဘယ်နှစ်မျိုးပါလိမ့်. . . (နှစ်မျိုးပါ ဘုရား) တစ်မျိုးက ဘာပါလိမ့်. . . (ရိုးရာလိုချင်ပါဘုရား) တစ်မျိုးက. . . (အမှန်လိုချင်ပါဘုရား)။

## ရိုးရာလိုချင်တဲ့ပုဂ္ဂိုလ်

ရိုးရာ လိုချင်တဲ့ပုဂ္ဂိုလ်က ဘာပါလိမ့်. . . ဒိဋ္ဌိမစင်ဘဲနဲ့ ဒိဋ္ဌိဖြုတ် ဉာဏ်မပါဘဲနဲ့ ရမ်းပြီးလိုချင်တာ. . . (မှန်ပါ့)

ဆရာသမားနဲ့တွေ့ပြီး ဒိဋ္ဌိပြုတ်၍ သဘောကျပြီးလိုချင်တဲ့ ပုဂ္ဂိုလ်ကတော့ ဖြင့် အမှန်လိုချင်တာ. . . (မှန်ပါ့ဘုရား)။

မိစ္ဆာဒိဋ္ဌိပြုတ်ကတည်းက သမ္မာဒိဋ္ဌိဆိုတော့ သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာ၊ အမှန်မြင်နဲ့ လိုချင်တာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)၊ ဒိဋ္ဌိမပြုတ်ဘဲနဲ့ လိုချင်တာက တော့ အမှားမြင်ပြီး လိုချင်တာ. . . (မှန်ပါ့)၊ ဒီမှာ ခွဲလိုက်တော့ ရှင်းသွားတယ်. . . (မှန်ပါ့ဘုရား)။

အမှားမြင်ပြီး လိုချင်တဲ့နိဗ္ဗာန်ဟာ ဘယ်တော့မှမရ၊ အမှန်မြင်ပြီးလိုချင်မှ. . . (ရပါတယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိမပြုတ်တဲ့ ပုဂ္ဂိုလ်နိဗ္ဗာန်လိုချင်တာက တကယ့်လိုချင်တာ မဟုတ်သေးဘူး . . . (မှန်ပါ့)၊ ဒိဋ္ဌိကို သုတမယဉာဏ်နဲ့ ပြုတ်ပြီးလို့ သဘောကျပြီး မှ အမှန်မြင်လိုချင်တယ်. . . (မှန်ပါ့)၊ အဲဒီလို ခွဲလိုက်တော့မှ ဒကာ ဒကာမတို့ ရှင်းသွားတော့တယ်. . . (မှန်ပါ့ဘုရား)။

ဒိဋ္ဌိမပြုတ်ဘဲနဲ့ နိဗ္ဗာန်လိုချင်ခဲ့သော ဒကာ ဒကာမတို့ သူဟာ နိဗ္ဗာန်ကိုလိုချင်တဲ့ သဘောလည်း မရောက်ပါဘူး၊ ပြီးတော့ နိဗ္ဗာန်ကို သဘောကျမယ်လည်း မဟုတ်တော့ပါဘူး . . . (မှန်ပါ့) ကျပါဦးမလား. . . (မကျပါဘုရား)၊ ဒိဋ္ဌိက မပြုတ် တော့ နိဗ္ဗာန်ကို ဘယ်လိုဟောဟော၊ သဘောမကျဘူး. . . (မှန်ပါ့) ထိုကဲ့သို့ သဘောမကျတဲ့ပုဂ္ဂိုလ်ဟာ ကြိုးကြိုးစားစား ကော လုပ်ဖြစ်ပါ့မလား. . . (မလုပ်ဖြစ်ပါဘုရား)။

မလုပ်ဖြစ်တော့ သူ့မှာဖြင့် ဒကာ ဒကာမတို့ အယူမမြဲဘူးသာဆိုပေတော့. . . (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား) ဟိုပုဂ္ဂိုလ်ကပြော၊ ဟိုပုဂ္ဂိုလ်ယိမ်း၊ ဒီပုဂ္ဂိုလ်ပြော၊ ဒီပုဂ္ဂိုလ်သဘောကျ၊ ဟိုဘာသာကဆွဲလဲယိမ်းလိုက်၊ ဒီလိုပဲယိမ်းယိုင်ပြီးသကာလ၊ ပြောင်းလွဲနေလိမ့်မယ်ဆိုတာဖြင့် ငြင်းဖို့မလိုပါဘူး. . . (မှန်ပါ့ဘုရား)။

## ဒိဋ္ဌိစင်ဖို့အရင်ကြိုးစာ

ကိုင်း. . . ဒါဖြင့် နိဗ္ဗာန်လိုချင်ရင် နိဗ္ဗာန်နောက်ထား ဒိဋ္ဌိစင်ဖို့ အရင်ကြိုးစားကြပါ. . . (မှန်ပါ့)၊ ဒိဋ္ဌိစင်ဖို့ အရင်ကြိုးစားမှ သူနိဗ္ဗာန်ကို ကောင်းကောင်းသဘောကျမယ်. . . (မှန်ပါ့)၊ နိဗ္ဗာန်လည်းလိုချင်တယ် ဒိဋ္ဌိလည်းစင်အောင် မလုပ်ဘူးဆိုတော့ သူလိုချင်တာပြောသံကြားပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒကာကြွယ်. . . စကားကြီးတယ်လို့ အောက်မေ့မနေနဲ့ အမှန်ပြောတာနော်. . . (မှန်ပါ့) ဒကာကြွယ်တို့ ငယ်ငယ်တုန်းကလိုချင်တယ် ဒကာသစ်တို့ ငယ်ငယ်တုန်းက လိုချင်တာဟာ ဒိဋ္ဌိတန်းလန်းနဲ့လိုချင်တယ်ဗျ. . . (မှန်ပါ့) နိဗ္ဗာန်ဆိုတာ လူကြီးတွေလည်း ပြောကြတယ်၊ ဘုန်းကြီးများလည်း ပြောကြတယ်ကွ၊ အဲဒါကြောင့် တို့တော့ဖြင့် ဘာလုံ့လုံ့

ဘာတန်း တန်း နိဗ္ဗာန်တော့ဖြင့် ရအောင်လုပ်မှပဲကွာတဲ့. . . (မှန်ပါ့) သူ့မှာတော့ ဒိဋ္ဌိကြီးနဲ့. . . (မှန်ပါ့)၊ ဒိဋ္ဌိကတော့ ဉာဏ်နဲ့ ခွါပြီးပလား. . . (မခွာရသေးပါဘုရား)၊ သုတမယ ဉာဏ်နဲ့ တောင် မခွါရသေးဘူး. . . (မှန်ပါ့) မခွာရသေးတော့ သူ့မှာ ဒိဋ္ဌိရှိနေ တော့သူများက ကောင်းတယ်လို့ဆိုလို့ပေါ့ကွာ . . . ဒီရောက် သွားတာပဲ. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒိဋ္ဌိကို အရင်ခွါမှ နိဗ္ဗာန်ကို သဘောကျ မယ်ဆိုတာ သဘောကျတယ်မဟုတ်လား. . . (ကျပါပြီဘုရား) ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်အကြောင်း သဘော မကျလို့ရှိရင် ဒိဋ္ဌိရှိသေးလို့မှတ်. . . (မှန်ပါ့)၊ ဒါဖြင့် နိဗ္ဗာန်သိချင်ရင် ဒိဋ္ဌိကို အရင်စင်အောင်လုပ်ပါ. . . (မှန်ပါ့ဘုရား)။

## အဂ္ဂိဝစ္ဆကမေးတယ်

ကဲ. . . ဒါဖြင့် ဝတ္ထုကို ထုတ်ကြပါစို့. . . ဒကာ ဒကာမတို့၊ နိဗ္ဗာန်ရှင်းမည့်ဝတ္ထုနော်. . . (မှန်ပါ့) ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် အဂ္ဂိဝစ္ဆကလာပြီးလျှောက်တယ်၊ ရှင်ကြီးဂေါတမ သတ္တလောက ကြီးဟာ မြဲသလားလို့မေးတယ်. . . ဘုရားက အဲဒါ ဒိဋ္ဌိအယူတဲ့၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒကာ ဒကာမတို့ အဲဒါ သဿတဒိဋ္ဌိအယူမေးတာ. . . (မှန်ပါ့ဘုရား)။

## သတ္တလောကကြီးဟာမြဲသလား

သတ္တလောကကြီးဟာ မြဲသလား မမြဲဘူးလားလို့ မေးတော့ ဘုရားက မြဲတယ်လို့ မဖြေဘူး၊ မမြဲဘူးလို့လဲ မဖြေဘူး . . . ဒါဒိဋ္ဌိအယူပဲတဲ့. . . (မှန်ပါ့) ဘာဒိဋ္ဌိပါလိမ့်. . . (သဿတ ဒိဋ္ဌိပါဘုရား)၊ သဿတဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိက ကြီးထွားလာ တာနော်. . . (မှန်ပါ့ဘုရား)။

ကောင်းပြီ တစ်ခါဆက်မေးပြန်တယ်၊ အရှင်ဘုရား. . . ဒါဖြင့် သတ္တလောကကြီးဟာ မမြဲဘူးလားလို့ မေးလိုက်ပြန်တော့ ဒါလဲ ဒိဋ္ဌိအယူပဲတဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါ ပြီ) သတ္တလောကနဲ့ ပုဂ္ဂိုလ်သတ္တဝါတိုင်း မေးသကိုးဗျ. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်ပါပြီဘုရား)။

## သတ္တလောကကြီးဟာ၊ အဆုံးရှိသလား

ဒါဖြင့် သတ္တလောကကြီးဟာ အဆုံးရှိသလားလို့ မေးလိုက်တယ်. . . ဒါလဲဒိဋ္ဌိအယူပဲကွတဲ့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သတ္တလောကကြီးဟာ မဆုံးဘူးလားလို့ မေးလိုက် ပြန်တယ်၊ ဒါလဲ ဒိဋ္ဌိအယူပဲတဲ့. . . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား) "**တံဇီဝံ တံသရီရံ**"တဲ့ အသက်နဲ့ကိုယ် အတူတူ ပဲလားလို့ မေးလိုက်တယ်၊ အသက်လိပ်ပြာ ဝိညာဉ်ကောင်ဆိုတာ လည်းမရှိဘူး၊ ကိုယ်ဆိုတာလည်းမရှိဘူး၊ ခန္ဓာထဲမှာ ရှာတွေ့ကြ

ရဲ့လား. . . (မတွေ့ပါဘုရား)၊ ရုပ်နာမ်ဖြစ်ပျက်ပဲ ရှိတယ်မဟုတ်လား၊ ခင်ဗျားတို့သိပြီးသားပဲ ဆရာဘုန်းကြီး နေ့တိုင်းသင်ထားတာ. . . (မှန်ပါ့)။

## အသက်နဲ့ ကိုယ်ဟာတခြားစီလား

အသက်နဲ့ကိုယ်ဟာ တခြားစီလားလို့မေးလိုက်တယ်၊ ဒါလဲ ဒိဋ္ဌိအယူပဲတဲ့. . . (မှန်ပါ့)၊ ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးလိုက်ပြန်တယ်၊ သတ္တဝါရယ်လို့တော့ ရှိကြရဲ့လား . . . (မရှိပါဘုရား)။ သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတော့ ဒါလဲဒိဋ္ဌိအယူပဲကွလို့ ဘုရားက ဖြေလိုက်တယ် . . . (မှန်ပါ့)။

## သတ္တဝါသေရင် မဖြစ်တော့ဘူးလား

သတ္တဝါသေရင် မဖြစ်တော့ဘူးလားလို့ မေးပြန်တော့ ဘုရားက ဒါလဲ ဒိဋ္ဌိအယူပဲတဲ့. . . (မှန်ပါ့) သတ္တဝါသေရင် တချို့လည်းဖြစ်သေး၍ အချို့လည်းမဖြစ်တော့ဘူးလားလို့ မေးပြန်တယ်၊ ဒါလဲ ဒိဋ္ဌိအယူပဲတဲ့. . . (မှန်ပါ့) ဒါလဲ ဒိဋ္ဌိအယူပဲကွလို့ ဒိဋ္ဌိအယူချည့် ဘုရားကဖြေလိုက်တယ်. . . (မှန်ပါ့) ဟုတ်ကော မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ အဂ္ဂဝစ္ဆက ဆက်ပြီးမေးပြန်တယ်၊ ရှင်ကြီး ဂေါတမတဲ့ ရှင်ကြီးဂေါတမရဲ့ ဒိဋ္ဌိအယူကို ပြောစမ်းပါတဲ့. . . (မှန်ပါ့) ငါဟာ ဒိဋ္ဌိအယူကို ဗောဓိပင်နဲ့ ရွှေပလ္လင်ရင်းမှာ သောတာပတ္တိမဂ်ရကတည်းက ပယ်ပြီးပြီတဲ့ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘုရားမှာတော့ ဒိဋ္ဌိအယူရှိသေးရဲ့လား. . . (မရှိပါ ဘုရား)၊ ဗောဓိပင်နဲ့ ရွှေပလ္လင်အောင်စဉ်အခါက သောတာ ပတ္တိမဂ်ရပြီးကတည်းက ဒိဋ္ဌိအယူကိုပယ်ပြီးပြီ. . . (မှန်ပါ့)၊ ဒါဖြင့် ဒိဋ္ဌိစင်မှ နိဗ္ဗာန်ကို သဘောကျနိုင်တယ်နော်. . . (မှန်ပါ့)၊ ဒိဋ္ဌိ မပယ်ရင် (နိဗ္ဗာန်ကို သဘောမကျနိုင်ပါဘုရား)။

## ဘုရားအမြင်ကိုပြောစမ်းပါဦး

ဒါနဲ့ ရှင်ကြီးဂေါတမ မြင်ပုံကလေး ပြောစမ်းပါဦး. . . (မှန်ပါ့) ကျုပ်တို့အမြင်တွေက၊ အခုမေးတဲ့ အမြင်တွေကဖြင့် ဒိဋ္ဌိအယူတွေချည့်ပဲဆိုတော့ ရှင်ကြီးဂေါတမ အမြင်ကိုပြောစမ်း ပါဦးဆိုတော့ ငါ့အမြင်ပြောရမှာဖြင့် ရုပ်တရားရှိတယ်၊ ရုပ်တရား သည်ဖြစ်တယ် ပျက်တယ်ဆိုတဲ့ သဘောရှိတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား) ရုပ်တရားရှိတယ်တဲ့၊ ၎င်းတရားမှာဘာတဲ့တုံး. . . (ဖြစ်တာနဲ့ ပျက်တာရှိပါတယ် ဘုရား)။

ဝေဒနာရှိတယ်ကွတဲ့၊ ၎င်းဝေဒနာမှာလည်း ဖြစ်တာနဲ့ ပျက်တာနှစ်ခုပဲရှိတယ်. . . (မှန်ပါ့) "**ဣတိဝေဒနာ ဣတိဝေဒနာ ယသမုဒယော ဟောတိ၊ ဣတိဝေဒနာယ အတ္ထင်္ဂမော**" လို့ ပါဠိလိုတော့ ဆိုတယ်နော်. . . (မှန်ပါ့ဘုရား)။

သညာရှိတယ်ကွ၊ အဲဒါလဲ ဖြစ်တာနဲ့ ပျက်တာပဲ ရှိတာပဲ တဲ့. . . (မှန်ပါ့) ဒကာ ဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား) ဝိညာဏ်ဆိုတဲ့စိတ်ဟာ ရှိတယ်၊ ဖြစ်တာနဲ့ ပျက်တာပဲ ရှိတယ်၊ အဲဒါငါ့အယူပဲတဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ခန္ဓာငါးပါးဖြစ်ပျက်တရားသာရှိတယ်

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးအယူဟာ ခန္ဓာငါးပါးဖြစ်ပျက်တရားသာရှိတယ်လို့ ယူတဲ့ အယူဟာ သမ္မာဒိဋ္ဌိအယူပဲ. . . (မှန်ပါ့)၊ ဒါကို သေသေချာချာမှတ်ပါ. . . (မှန်ပါဘုရား)။

ဘုရားအယူကတော့ ခန္ဓာငါးပါးပဲရှိတယ်၊ ဖြစ်တာနဲ့ ပျက်တာကော. . . (ရှိပါတယ်ဘုရား) ခန္ဓာငါးပါးလည်းရှိတယ်၊ ခန္ဓာငါးပါးကို ပြန်ကြည့်လိုက်တဲ့အခါ. . . (ဖြစ်တာနဲ့ ပျက်တာပဲ ရှိပါတယ်ဘုရား) ဖြစ်တာနဲ့ ပျက်တာပဲ တွေ့ရတယ်. . . (မှန်ပါ့)

ခန္ဓာငါးပါးသည် ဖြစ်တာနဲ့ပျက်တာပဲ အဲဒါငါ့အယူပဲကွတဲ့ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့်ဘုရားအယူကိုလည်း ဒကာ ဒကာမတွေ သဘော ပေါက်ပြီ. . . (မှန်ပါ့) "**သဿတော လောကော**" လောကကြီး မြဲသလားဆိုတာလဲ ဒိဋ္ဌိအယူပဲ. . . (ဒိဋ္ဌိအယူပါဘုရား) အတ္တလောကရယ်လို့ရှိမှ မရှိပဲကိုးဗျ. . . (မှန်ပါ့) အသက်နဲ့ကိုယ် တခြားစီလား၊ အတူတူလားဆိုတာတွေ ဒါဟာလဲ ဒိဋ္ဌိအယူပဲ. . (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားအယူဆိုတော့ ဒကာ ဒကာမတွေ သိကြပလား. . . (သိကြပါပြီဘုရား)၊ ရုပ်မှာလည်း ဘာရှိသတဲ့တုံး. . . (ဖြစ်ပျက်ပဲရှိပါတယ်)၊ ဝေဒနာမှာကော. . . (ဖြစ်ပျက်ပဲရှိပါတယ်) သညာမှာကော. . . (ဖြစ်ပျက်ပဲရှိပါတယ်)၊ သင်္ခါရမှာ. . . (ဖြစ်ပျက်ပဲရှိပါတယ်) ဝိညာဏ်မှာ. . . (ဖြစ်ပျက် ပဲရှိပါတယ်ဘုရား)။

## ဘုရားစင်ကိုးကွယ်ထားတယ်

အဲဒီကဲ့သို့ ဒကာ ဒကာမတွေခန္ဓာကိုကြည့်လိုက်ရင်၊ အို ဗုဒ္ဓဘာသာဖြစ်ခဲ့လို့ရှိရင်ဖြင့် ဘုရားအယူဟာ ခန္ဓာကိုယ်ကြည့် လိုက်ရင်ဖြစ်ပျက် မြင်လို့ရှိရင် အဲဒီကျမှ ဗုဒ္ဓဘာသာအစစ်ဖြစ် လာတယ်. . . (မှန်ပါ့) နို့မဟုတ်ရင် ပြောသံကြား ဗုဒ္ဓဘာသာမို့

ကျုပ်တို့လည်း ဒီအယူကို ယူတာပါပဲ၊ ဒီအယူကိုယူတာပါပဲ၊ ဒီအယူကတော့ ဘာတုံး ဘုရားစင် ကိုးကွယ်ထားတယ်၊ ဒါလောက်ပဲဖြစ်နေတယ်. . . (မှန်ပါ့ဘုရား)။

## ပုံတော်ချိတ်ထားတာလောက်နဲ့ ခရီးဆုံးနေ

ဝမ်းထဲကအယူက ဗုဒ္ဓဘာသာပုံတော်ကိုးကွယ်ထား၊ ပုံတော်ချိတ်ထားတာလောက်နဲ့ပဲ ခရီးဆုံးနေကြရတယ် . . . (မှန်ပါ့)၊ ဒါလောက်နဲ့ ဘုရားအယူတော်အစစ်ကိုသိပြီ ရောက်ပြီလို့ ဆိုလို့တော်ပါ့မလား. . . (မတော်ပါဘုရား)။

အဲ. . . ဘုရားအယူက ဒီနေ့သေသေချာချာ ဖွင့်ပြောပြီး ငါ့အယူကတော့ကွာတဲ့ ခန္ဓာငါးပါးဖြစ်ပြီး ပျက်နေတာသာ လောကကြီးထဲမှာရှိတယ်လို့ ငါယူတယ်၊ အဲဒါ ငါ့အယူပဲတဲ့ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဖြစ်ပျက်သာရှိတယ်လို့ ယူတဲ့အယူဟာ. . . (ဘုရားအယူပါဘုရား)၊ အဲ. . ခန္ဓာငါးပါးမှာ ဖြစ်ပျက်သာလျှင်ရှိတယ်၊ တိုတိုပြောတော့ ဖြစ်ပျက်သာရှိတယ်. . . (မှန်ပါ့)၊ တိုတိုပြောတော့ ခန္ဓာထဲမှာ ဘာရှိသတုံး. . . (ဖြစ်ပျက်သာ ရှိပါတယ်ဘုရား) ဒါ ဘယ်သူ့အယူပါလိမ့်. . . (ဘုရားအယူပါဘုရား)။

## ဖြစ်ပျက်မြင်မှ ဘုရားအယူ

ဒါနဲ့ အဂ္ဂဝစ္စက မကျေနပ်သေးတာနဲ့ သူ့စိတ်ထဲမှာ ဘုရားအယူဟာ ဖြစ်ပျက်သာရှိတယ်၊ ဒါ သူ့အယူပဲဆိုတော့ မေးပြန်တယ်. . . (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမတွေ ဘုရားအမြင် ဘုရားအယူအဆဆိုတာ သဘောကျပါပြီနော်. . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မြင်မှ ဘုရားအယူ. . . (မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါတွေ မြင်နေသေးလို့ရှိရင် မဟုတ်သေးဘူးကွ. . . (မှန်ပါ့ဘုရား)။

ဒါနဲ့အဂ္ဂဝစ္စက ဆက်မေးတာလဲ ဒကာကြွယ် နားထောင်ပါဦး၊ ရှင်ကြီးဂေါတမတဲ့ ဤကဲ့သို့ ခန္ဓာငါးပါးသည် ဖြစ်ပြီးပျက်တာပဲရှိတယ်လို့ ယူတဲ့အယူဟာ ရှင်ကြီးဂေါတမ အယူလို့ဆိုတော့ ဒီလိုယူပြီး ဒီလိုကြည့်ပြီး ဒီခန္ဓာကိုယ်ထဲ ဒီလိုမြင်နေတော့ ဘာများကျေးဇူးရှိသတုံးတဲ့. . . (မှန်ပါ့)။

ဒီလိုမြင်နေတဲ့အခါကျတော့ တဏှာ, မာန, ဒိဋ္ဌိချုပ်ပြီးသကာလ ဥပါဒါန်ပြတ်တယ်တဲ့. . . (မှန်ပါ့)၊ ခန္ဓာကိုယ်ဖြစ်ပျက်မြင်နေရင်ဘာတဲ့. . . (တဏှာ, မာနချုပ်ပြီးသကာလ ဥပါဒါန်ပြတ်ပါတယ်ဘုရား)။

## ပေါ်တာဟူသ၍ဖြစ်ပျက်ရှု

ဒါဖြင့် ဒကာ ဒကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးအယူအတိုင်း ဆရာဘုန်းကြီးက ဝေဒနာလည်း ဖြစ်ပျက်ရှု

ဟော့၊ စိတ်ကိုကော. . . (ဖြစ်ပျက်ရှုရမှာပါ)၊ ပေါ်တာဟူသ၍ ဘာရှုခိုင်းသတုံး. . . (ဖြစ်ပျက်ရှုခိုင်းပါတယ်ဘုရား)။

ဒါဘယ်သူ့အယူပါလိမ့်. . . (ဘုရားအယူပါဘုရား) ဒီအယူယူတဲ့ပုဂ္ဂိုလ်ဟာ ဘာချုပ်သတဲ့. . . (တဏှာ, မာန, ဒိဋ္ဌိ ချုပ်ပါတယ်) **တဏှာ, မာန, ဒိဋ္ဌိ**ချုပ်ပြီးသကာလ ဉပါဒါန်ရုပ်သိမ်း တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဉပါဒါန်ရုပ်သိမ်းတယ်ဆိုတော့ "**ဉပါဒါနပစ္စယာ ကမ္မ ဘဝေါ**" ပေါ်သေးရဲ့လား. . . (မပေါ်ပါဘုရား) ကံမပေါ်လို့ရှိရင် '**ကမ္မဘဝပစ္စယာဇာတိ**' လာဦးမလား. . . (မလာပါဘုရား)၊ ဩော်. . . ဒါဖြင့် ဇာတိဒုက္ခကစပြီးချုပ်လေရဲ့. . . (မှန်ပါ့)၊ မဆိုနိုင် ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဒါယူရင်၊ တဏှာ, မာန, ဒိဋ္ဌိ ပြုတ်တယ်

ဘုရားသခင် ကိုယ်တော်မြတ်ကြီး အဂ္ဂိဝစ္ဆက လျှောက် လို့ အရှင်ဘုရား ရုပ်တရား နာမ်တရားကို ဖြစ်ပျက်လို့ ရှုရတဲ့ အယူဟာ ငါဘုရား၏ အယူလို့ဆိုတော့ ဒီလိုယူတဲ့ပုဂ္ဂိုလ်ဟာ ဘာကျေးဇူးရှိသတုံး ဘုရားက **တဏှာ, မာန**, ဒိဋ္ဌိချုပ်ပြီး ဉပါဒါန် ပြုတ်သကွလို့ ဖြေတော်မူတာ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ဆရာဘုန်းကြီး ပြောသလို တိုးချဲ့ပြီး ယူလိုက်တော့ ဉပါဒါန်ပြုတ်ရင် ကံပြုတ်တာပဲ. . .

(မှန်ပါ့) ကံပြတ်တော့. . . ဇာတိလာချင်လို့. . . (မရပါဘုရား) ဇာတိမှ မရှိဘဲနဲ့ ဇရာ လာချင်လို့ကော. . . (မလာတော့ပါဘုရား)။ မလာတော့ပါဘူးဆိုတော့ ဇာတိချုပ်ရာ နိဗ္ဗာန်. . . (မှန်ပါ့)၊ ဇရာချုပ်ရာ. . . (နိဗ္ဗာန်ပါဘုရား)၊ မရဏချုပ်ရာ. . . (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ကိုမြင် ဒိဋ္ဌိပြုတ်တယ်၊ ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်ကို သဘောကျတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိမပြုတ်ရင် (နိဗ္ဗာန်ကို သဘောမကျပါဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ရှီးရာ လူပြောသူပြောနဲ့လိုချင်တာ

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ကို သဘောကျတဲ့ ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိပြုတ်မှ. . . (မှန်ပါ)၊ ဒိဋ္ဌိမပြုတ်သော ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်လိုချင်ပါတယ်ဆိုတာ ရှီးရာသူပြောလူပြောနဲ့ လိုချင်တာလို့မှတ်. . . (မှန်ပါ့)၊ ဒိဋ္ဌိပြုတ်ပြီးလိုချင်တဲ့ပုဂ္ဂိုလ်မှ အမှန်မှတ်. . . (မှန်ပါ့)။

ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒကာ ဒကာမတို့မှာ ဉာတပရိညာနဲ့ သညာပြုတ်ပြုတ်၊ ပွားများတဲ့ တီရဏပရိညာနဲ့ ပြုတ်ပြုတ်၊ ပြုတ်တဲ့ပုဂ္ဂိုလ်ကဖြင့် ဒါတွေက ဖြစ်ပျက်တွေပဲ နိဗ္ဗာန်မှပဲ ခိုင်မြဲမှာပဲ. . . (မှန်ပါ့)၊ သူ့ဟာသူ သဘောကျလာတယ် . . . (မှန်ပါ့ဘုရား)။

ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်က သူ့ဟာသူ နိဗ္ဗာန်ကို သဘောကျလာတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိမပြုတ်သေးတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်ကို (သဘောမကျပါဘုရား)၊ သဘောမကျပေမဲ့ သူတို့ ဆုတောင်းနေတာက ဘာပါလိမ့်မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (ရိုးရာပါဘုရား)။

## ရိုးရာပြင်ဘက်ရောက်အောင်ဆွဲထုတ်နေတာ

ဩော်. . . ခင်ဗျားတို့ အခု ဆရာဘုန်းကြီး ဆွဲဟောနေတာဟာ ရိုးရာပြင်ဘက်ရောက်အောင် ဆွဲထုတ်နေတာ. . . (မှန်ပါ့)၊ ရိုးရာနဲ့ သေသွားမှာစိုးလို့ ဒကာကြွယ် ရိုးရာပြင်ဖက်ရောက်အောင်ဆွဲထုတ် နေရသေးတယ်. . . (မှန်ပါ့) ရိုးရာကလည်း အင်မတန် ကြောက်စရာကောင်းတယ်၊ အုန်းဆွဲတဲ့လူဟာ အုန်းဆွဲရိုးရာပဲ. . . (မှန်ပါ့)၊ မဆွဲဘူးလား. . . (ဆွဲပါတယ်ဘုရား)။

## ရိုးရာနှိပ်စက်ထားတာ

လူမမာလို့ရှိရင် တချို့များ ကျွဲသတ်ပြီး ယဇ်ပူဇော်ရတယ်ဆိုတာ ရိုးရာပေမဲ့ အတော်နှိပ်စက်တာ. . . (မှန်ပါ့)၊ မနှိပ်စက်ဘူးလား. . . (နှိပ်စက်ပါတယ်ဘုရား)၊ အောက်ပြည်များကျပြန်တော့ ငါးရံ့နဖါးထိုး တင်ရတာတွေတောင် ရှိကြတယ်. . .

(မှန်ပါ့) ရိုးရာနှိပ်စက်ထားတာ. . . (မှန်ပါ့)၊ ရိုးရာ အတော် ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ အဲဒီကဆွဲထုတ်ယူရတာ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါ ပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ နဂိုက ဗုဒ္ဓဘာသာဝင်တွေဆိုတာ နိဗ္ဗာန်မဂ်ဖိုလ်တော့တောင်းတာပဲ၊ အဟုတ်လိုချင်တာလားမေးတော့. . . (ရိုးရာလိုချင်တာပါဘုရား) ဘယ့်နှယ်ကြောင့် ရိုးရာဖြစ်နေသတုံးဆိုတော့ ဒိဋ္ဌိမပြုတ်ဘဲနဲ့ လိုချင်နေတာ. . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒိဋ္ဌိပြုတ်မှသာလျှင်၊ ဩော်. . . ဒီဥစ္စာက ဖြစ်ပျက်ကို မြင်တော့မှ ဖြစ်ပျက်သာရှိတယ်၊ အနိစ္စသာရှိတယ် ဆိုတော့ ဒိဋ္ဌိပြုတ်မသွားဘူးလား. . . (ပြုတ်သွားပါတယ်)၊ ဒီအနိစ္စ, ဒုက္ခတွေနဲ့ဖြင့် မနေချင်ပါဘူး၊ နိစ္စသုခဘက်သွား ပါတော့မယ်ဆိုတော့ ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်တွေမို့ သွားချင်တာ . . . (မှန်ပါ့)၊ ဒိဋ္ဌိမပြုတ်တဲ့ ပုဂ္ဂိုလ်ကတော့. . . (မသွားချင်ပါ ဘုရား) သွားကို မသွားချင်ဘူးဆိုတာ သေသေချာချာပေါ်လာ တယ်. . . (မှန်ပါ့)။

ဒါ့ကြောင့် ဒီဝတ္ထုကိုထုတ်လာတာ. . . (မှန်ပါ့)၊ ဒိဋ္ဌိပြုတ် မှ နိဗ္ဗာန်ရောက်မယ်နော်. . . (မှန်ပါ့)၊ သောတာပတ္တိမဂ် ရမယ်ဆိုတာ သောတာပတ္တိမဂ်ဟာ ဒိဋ္ဌိပြုတ်ရတာ. . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ဘုရားအယူတော့ သိကြပလား

ကောင်းပြီ ဒါဖြင့် ဘုရားအယူကော ခင်ဗျားတို့ သိပလား . . . (သိပါပြီဘုရား) ခန္ဓာငါးပါးရှိတယ်တဲ့၊ ဖြစ်ပျက်လို့ သိနေတဲ့ အယူဟာ ငါ့အယူပဲတဲ့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အဂ္ဂိဝစ္ဆက ဆက်မေးတာ သဘောကျပလား. . . (မှန်ပါ့)၊ ဒီအယူယူလို့ရှိရင် ခန္ဓာငါးပါးဟာ ဖြစ်ပျက်ချည့်ပဲလို့ ဒီအယူယူနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုများ ကျေးဇူးရှိသတုံးဆိုတော့ ဘုရားက **တဏှာ မာန ဒိဋ္ဌိ**ချုပ်ပြီး ဥပါဒါန် ပြုတ်တယ်ကွတဲ့. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ဉာဏ်ဖြန့်လိုက် ဥပါဒါန် ပြုတ်ကတည်းက ကံလာသေးရဲ့လား. . . (မလာပါဘုရား) ကံမလာရင်. . . ဇာတိက. . . (မလာပါဘုရား)။

## ကံတွေသုဉ်းရာ နိဗ္ဗာန်

ဒါဖြင့် ကံတို့သုဉ်းရာလည်း နိဗ္ဗာန်ပဲ. . . (မှန်ပါ့) ဥပါဒါန် ပြုတာလည်း. . . (နိဗ္ဗာန်ပါဘုရား)၊ ဇရာမရဏပြုတ်တာ. . . (နိဗ္ဗာန်ပါ)၊ သောကပရိဒေဝပြုတ်တာ. . . (နိဗ္ဗာန်ပါဘုရား)။

ဩော်. . . ဒကာ ဒကာမတို့ ဖြစ်ပျက်မြင်ပြီး သကာလ ဖြစ်ပျက်သိတဲ့ ဉာဏ်က တော်ပြီ၊ ဒီခန္ဓာကြီး မရချင်တော့ဘူး၊ ဖြစ်ပြီးပျက်နေတဲ့ ခန္ဓာကြီးဘာလုပ်ရမှာတုံး. . . (မှန်ပါ့)၊

ခဏခဏမေ့၊ ခဏခဏသေနေတဲ့ ခန္ဓာကြီးရထားလို့ ဘာကျေးဇူးရှိသတုံး၊ ဒီအတိုင်း ကိုယ့်ဉာဏ်ထဲမှာ မလာပေဘူးလား. . (လာပါတယ်ဘုရား) ထိုကဲ့သို့လာတော့၊ ဒီဖြစ်ပျက်မရှိတဲ့နေရာသွားပါတော့ မယ်ဆိုတဲ့ဘက် မလှည့်ဘူးလား. . (လှည့်ပါတယ်ဘုရား) အဲဒါ နိဗ္ဗာန်ဘက်လှည့်တာ. . (မှန်ပါ့ဘုရား)။

ဒါဟာ အလိုလိုလှည့်တာလားတဲ့၊ ဖြစ်ပျက်မြင်လို့ လှည့်သွားတာလား. . (ဖြစ်ပျက်မြင်လို့လှည့်သွားတာပါဘုရား)၊ အဲဒါကတော့ ဒကာ ဒကာမတွေ စဉ်းစားလိုက်တဲ့ ဒိဋ္ဌိစင်လို့လိုချင်တာ. . (မှန်ပါ့)။ ဒိဋ္ဌိစင်လို့ နိဗ္ဗာန်ဘက်လှည့်ပြီး လိုချင်သွားတာ. . (မှန်ပါ့)၊ ဒိဋ္ဌိမစင်ရင်. . (မလှည့်သေးပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးနဲ့ နိဗ္ဗာန်ရောက်ရပါလို၏ ဆိုတဲ့ ပုဂ္ဂိုလ်များတော့ မရောက်ပါဘူး. . (မှန်ပါ့) အချို့က ဒီခန္ဓာကြီးနဲ့ နိဗ္ဗာန်ရောက်ရပါလို၏ တောင်းချင်တောင်းနေသေးတာ. . (မှန်ပါ့)၊ နောက်ဆုံးပိတ် ဘဝရောက်ရပါလို၏ ဆိုပြီး. . တောင့်တ ကြသေးတယ်၊ နောက်ဆုံးပိတ်ဘဝလဲ တွေ့ရဦးမယ်၊ ရောက်လည်း ရောက်ရဦးမယ်ဆိုတော့ ဘယ်ရောက်ရမှာတုံး . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်ဆိုတာ ဘဝဆုံးတာ

နောက်ဆုံးပိတ် လူ့ဘဝနဲ့ နိဗ္ဗာန် ရောက်ရပါလို၏တဲ့ . . . လူ့ဘဝနဲ့ မရောက်နိုင်ပါဘူး၊ နတ်ဘဝနဲ့ကော. . . (မရောက်နိုင်ပါဘုရား)၊ အဲဒီဘဝတွေ အဖြစ်နဲ့ မရောက်နိုင်ပါဘူး၊ နိဗ္ဗာန်ဆိုတာ ဘဝဆုံးသွားတာ၊ ဒုက္ခဆုံးသွားတာပါဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ အဂ္ဂိဝစ္ဆမေးတဲ့ အချက်တွေဟာလဲ တော်တော်သဘောပေါက်တဲ့ ပုဂ္ဂိုလ်ပဲ . . . (မှန်ပါ့)၊ ဒါခင်ဗျားတို့ ကျုပ်တို့ဖြင့် ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်ကို လိုချင်တယ် ဆိုတာ သေချာသွားပြီ. . . (မှန်ပါ့ဘုရား)။

ဒါနဲ့ဆက်ပြီးတော့ မေးတယ်၊ ကောင်းပါပြီတဲ့ ရှင်ကြီး ဂေါတမ၊ ရုပ်နာမ်ဖြစ်ပျက်သာရှိတယ်လို့ ယူတဲ့ပုဂ္ဂိုလ်ဟာ **တဏှာ မာန ဒိဋ္ဌိ**ပြုတ်ပြီးတော့ ဥပါဒါန်ချုပ်တယ်လို့ ပြောတော့ ဥပါဒါန် ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်များသွားပြီး ဖြစ်သတုံးတဲ့. . . (မှန်ပါ့ဘုရား)။

## ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားဖြစ်သတုံး

ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားဖြစ်သတုံးဆိုတော့ ကျုပ်တို့ ခင်ဗျားတို့ သိထားတာက ဥပါဒါန်ချုပ်ရင် ဘာတုံး နိဗ္ဗာန်ပဲ. . . (မှန်ပါ့)၊ ဥပါဒါန်ချုပ်တော့ ကံချုပ်တယ်၊ ကံချုပ်တာ လည်း. . . (နိဗ္ဗာန်ပါ)၊ ကျုပ်တို့ကတော့ ဒိဋ္ဌိရှင်းထားလို့ နိဗ္ဗာန်

သိထားပြီ. . . (မှန်ပါ့)၊ အဲဒီအချိန်မှာ အဂ္ဂိဝစ္ဆက ဒိဋ္ဌိမပြုတ်သေးတော့ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားဖြစ်သတုံး မေးတာပဲ . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီလိုမေးတော့ ဒကာ ဒကာမတွေ စဉ်းစားကြည့် အဂ္ဂိဝစ္ဆမှာ ဒိဋ္ဌိရှိမရှိ. . . (ရှိပါတယ်ဘုရား)။

ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားပြီး ဖြစ်သတုံးလို့ မေးတော့ ဘုရားက ဘယ်သွားဖြစ်တယ်လို့ ငါမဖြေဘူးကွတဲ့ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် မဖြစ်ဘဲ နေသလားလို့ ဆက်မေးပြန်တယ်. . . (မှန်ပါ့)၊ မဖြစ်လို့လဲ ငါမဖြေဘူးကွတဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒါဖြင့် တချို့ဖြစ်၍ တချို့မဖြစ်ဘူးလားလို့ မေးပြန်တော့ ဒီလိုလဲ ငါမဖြေပါဘူးတဲ့. . . (မှန်ပါ့)၊ မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်မဟုတ်လားလို့ မေးလိုက်ပြန်တယ်၊ ဒီလိုလည်း ငါမဖြေဘူးတဲ့. . . (မှန်ပါ့ဘုရား)။

## အတ္တဒိဋ္ဌိဖြစ်နေတာ

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လေးချက်စလုံး ဖြေရဲ့လား. . . (မဖြေပါဘုရား)၊ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံးဆိုတော့ ပုဂ္ဂိုလ်သတ္တဝါနဲ့ မေးထားတော့ အတ္တဒိဋ္ဌိဖြစ်နေတာ. . . (မှန်ပါ့)၊ ကျုပ်တို့ခင်ဗျားတို့ သိဖို့ရာ ဥပါဒါန်

ချုပ်တော့ ဒုက္ခတွေ အကုန်မသိမ်းဘူးလား. . . (သိမ်းပါတယ်)၊ ဒုက္ခသိမ်း တဲ့နိဗ္ဗာန်ပဲ၊ ခန္ဓာရှိတုန်းမှာ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားတယ်၊ ခန္ဓာမရှိတော့ ဒုက္ခသိမ်းသွားတယ်၊ ဒုက္ခချုပ်သွားတယ် နောက်ထပ် ဒုက္ခဖြစ်မလာတော့ဘူး၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ အဲဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်ကတော့ အဲဒါသဘောကျတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိမပြုတ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံး. . . ဘာဖြစ်သေးသတုံး၊ မမေးပေဘူးလား . . . (မေးပါတယ်ဘုရား)။

## နိဗ္ဗာန်ဆိုတာ ဘယ်ကိုသွားဖြစ်တာတုံး

အခုဒိဋ္ဌိဝါဒ အယူရှိတဲ့ပုဂ္ဂိုလ်တွေက မေးလဲ ခင်ဗျားတို့ နိဗ္ဗာန်ဆိုတာ ဘယ်ကိုသွားပြီး ဖြစ်နေတာတုံး မေးမှာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီလိုဖြစ်စရာမရှိပါဘူး ဒကာ ဒကာမတို့ ဒုက္ခတွေ ဆက်တိုက်ဖြစ်နေရာမှာ ဒုက္ခတွေချုပ်သွားတာပဲ. . . (မှန်ပါ့ ဘုရား)။

ဥပါဒါန်ချုပ်တော့ ဘာချုပ်သတုံး. . . (ကံချုပ်ပါတယ်) အဲ. . . ကံချုပ်၊ ကံချုပ်တော့ ဇာတိဒုက္ခ. . . (ချုပ်ပါတယ်)၊ ဇရာ ဒုက္ခ. . . (ချုပ်ပါတယ်) သောကပရိဒေဝဒုက္ခဒေါမနဿ. . . (ချုပ်ပါတယ်ဘုရား) အဲဒါချုပ်သွားတော့ ကျုပ်တို့ကဒိဋ္ဌိရှင်းနေတဲ့

ပုဂ္ဂိုလ်မို့သိတယ်. . . (မှန်ပါ့) အဂ္ဂိဝစ္ဆကတော့ ထိုအချိန်မှာ ဒိဋ္ဌိက ပြုတ်သေးတာမဟုတ်တော့ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားပြီး ဖြစ်သတုံးမေးလိုက်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားဖြစ်သတုံး၊ မဖြစ်ဘဲနေသလား၊ တချို့ဖြစ် တချို့မဖြစ်ဘူးလား၊ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်လားလို့ လေးချက် မေးချလိုက်တယ် . . . (မှန်ပါ့ဘုရား)။

## ဒိဋ္ဌိရှိရင် နိဗ္ဗာန်သဘောမကျဘူး

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်ဖြစ်တယ်လို့ ငါမဖြေဘူးလို့ ဖြေလိုက်တော့ ရှင်ကြီးဂေါတမတဲ့. . . နဂိုတုန်းက ကျုပ်မေးလာတဲ့စကားတွေဟာ ရှင်ကြီးဂေါတမနဲ့ ကျုပ်နဲ့ အမေးအဖြေလုပ်ရတာ အင်မတန် ပြေပြစ်ချောမောပါတယ်. . . (မှန်ပါ့) ယခုတော့ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်ဖြစ်သွားသတုံးမေးတော့လဲ ဒီလိုလဲ ငါမဖြေပါဘူးတဲ့ ဘယ်မှာဖြစ်တယ်လို့လည်း ငါမဆိုလိုပါဘူး၊ လေးချက်စလုံး မဆိုလိုဘူးဆိုတော့ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်အတွက် ဘယ်လိုလုပ်ပြီး ဘယ်လိုသဘောကျရမယ်ဆိုတာ ကျုပ်ဉာဏ်တုံးသွားပြီ သူ

သဘောမကျတော့ဘူး. . . (မှန်ပါ့) ကြည့်စမ်း. . . ဒကာ ဒကာမ တို့ ဒိဋ္ဌိရှိရင် နိဗ္ဗာန်သဘောမကျတော့ဘူး. . . (မှန်ပါ့ဘုရား)။

ဒီမှာက အကိုးအကား အင်မတန်လုံလောက်နေတာ . . . (မှန်ပါ့)၊ ဉာဏ်တုံးသွားပြီတဲ့ သူ့မှာ၊ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဘယ်သွားသတုံးလို့ မေးမရတာနဲ့ သူ့မှာ ဉာဏ်တုံးသွား ပြီးဆိုကတည်းက ဒကာ ဒကာမတို့ ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန် ကေန်သဘောမကျဘူးဆိုတာ ပေါ်လာပါတယ်. . . (မှန်ပါ့ ဘုရား)။

ဒကာကြွယ် အင်မတန်အရေးကြီးနေပါကလား. . . (မှန်ပါ့)၊ အခုဘယ့်နှယ့် ပြောရသတုံးကြည့်ပါ၊ ရှင်ကြီးဂေါတမနဲ့ . . . ကျုပ်နဲ့ဟာ အစကတည်းက အမေးအဖြေတွေလုပ်ပြီးသ ကာလ လာခဲ့တာတွေ တော်တော်ပဲ သူ့စိတ်ထဲမှာ သဘောကျခဲ့ ပါတယ်တဲ့. . . (မှန်ပါ့)၊ အခုတော့ဖြင့် ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဘယ်သွားဖြစ်သတုံးမေးတော့ ဘယ်သွားဖြစ်တယ်လို့ ငါမဆိုဘူးလို့ ဆိုကတည်းက ကျုပ်ဖြင့် အလုံးစုံဉာဏ်လည်း မရှိတော့ဘူးတဲ့ သူ့မှာ ဉာဏ်တုံးသွားပါပြီတဲ့. . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့် ဒီအဖြေကြီးသူပြောလိုက်ပါလိမ့်မတုံး ဆိုတော့ဒိဋ္ဌိမပြုတ်သေးတဲ့ပုဂ္ဂိုလ်နိဗ္ဗာန်သဘောမကျလို့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခုနင်ကစပြီး ချီတဲ့ သဘောကို ဒကာကြွယ်တို့ ရိပ်မိရောပေါ့. . . (မှန်ပါ့)၊ ဒိဋ္ဌိမပြုတ်ပဲ နိဗ္ဗာန်ရရပါလို၏ ပြော နေတဲ့ပုဂ္ဂိုလ်ဟာ တကယ်လိုချင်တာ ဟုတ်ပါရဲ့လား (မဟုတ်ပါ ဘုရား)၊ ဘာပါလိမ့် ဒါဖြင့် (မိဘရိုးရာပြောနေတာပါဘုရား)။

## ရုပ်နာမ်ဟာဖြစ်ပျက်သာရှိတယ်

ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်ကတော့လဲ ဩော်. . . ရုပ်နာမ်ဟာ ဖြစ်ပျက်သာရှိတယ်လို့ဆိုတာ ဒိဋ္ဌိပြုတ်ပုဂ္ဂိုလ်ကတော့ ဩော် . . . ရုပ်နာမ်ဟာ ဖြစ်ပျက်ပဲ ဒုက္ခသစ္စာပဲ၊ ရုပ်နာမ်ကို ဖြစ်ပျက် ရှုတော့ ဥပါဒါန်က မချုပ်သွားဘူးလား. . . (ချုပ်သွားပါမယ်)၊ ဥပါဒါန်ချုပ်တော့ ကံချုပ်၊ ကံချုပ်တော့ နောက်ဖြစ်ပျက်တွေဆိုတဲ့ ဇာတိဆိုတဲ့ ခန္ဓာငါးပါးလာသေးရဲ့လား (မလာပါဘုရား)၊ ဒါဖြင့် နောက်ဒုက္ခသစ္စာတွေ ချုပ်သွားတာ နိဗ္ဗာန်ဆိုတာကိုး ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်က ဒီလိုသဘောကျတယ်. . . (မှန်ပါ့)၊ ဒုက္ခချုပ်သွားတာ ကလေးဆိုတာ သဘောမကျဘူးလား. . . (ကျပါတယ်ဘုရား)။

ဒိဋ္ဌိမချုပ်သေးတော့ အဂ္ဂိဝစ္ဆကတော့ ရှင်ကြီးဂေါတမတဲ့ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဘယ်သွားသတုံးဆိုတော့ ဒါလဲ ဘယ် သွားဖြစ်တယ်လို့ ငါမဖြေပါဘူး ဆိုကတည်းကိုက ကျုပ်ဖြင့် ဉာဏ်ဝုံးပြီးသကာလ တွေဝေသွားတော့တာပဲတဲ့. . . (မှန်ပါ့)၊ နိဗ္ဗာန်ကိုသဘောကျသေးရဲ့လား. . . (မကျပါဘုရား)။

ခင်ဗျားတို့ အခုသိနိုင်တာက ဒိဋ္ဌိရှင်းလင်းထားတော့ ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်သည်ကားလို့ဆိုရင် ဥပါဒါန်ကချုပ်တယ်၊ ဒိဋ္ဌိနဲ့ တဏှာနဲ့က တွဲတာကိုးဗျ တဏှာချုပ်ကတည်းက ဥပါဒါန်ချုပ်ကိုး . . . (မှန်ပါ)၊ ဥပါဒါန်ချုပ်တော့ ကံမချုပ်ဘူးလား. . . (ချုပ်ပါတယ်)၊ ချုပ်တော့ ဘယ်သွားသတုံးမေးရင် ခင်ဗျားတို့ ဘယ့်နှယ် ဖြေကြမလဲ ဒုက္ခတွေချုပ်ငြိမ်း၊ ရုပ်သိမ်းတဲ့နိဗ္ဗာန်ပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)၊ အဲဒီတွင် ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကိုရောက်တာပဲလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)၊ ဒါဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ အမြင်ကိုးဗျ (မှန်းပါ့ဘုရား)။

## ဖြစ်ပျက်ရှုနေတော့ ဒိဋ္ဌိပြုတ်တယ်

ဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်ကတော့ ဖြစ်ပျက်ရှုနေတော့ ဒိဋ္ဌိက မပြုတ်ဘူးလား. . . (ပြုတ်ပါတယ်)၊ ဒိဋ္ဌိတဏှာပြုတ်သွားတော့ ဥပါဒါန်က နောက်ကလာသေးသလား. . . (မလာပါဘုရား)၊ ကံကော. . . (မလာပါဘုရား)၊ **ဇာတိဇရာ မရဏကော. . .** (မလာပါဘုရား)၊ အဲဒါဘာခေါ်ကြမလဲ. . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ဆိုတာ ဒိဋ္ဌုပါဒါန်ပြုတ်သွားကတည်းကိုက၊ နိဗ္ဗာန်ရောက်တာပဲ. . . (မှန်ပါ)၊ ဒါကြောင့် ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်သဘောကျတယ် (မှန်ပါ့ဘုရား)။

ခုနင်က ဒိဋ္ဌိမပြုတ်သေးတဲ့ အဂ္ဂိဝစ္ဆက ဘယ်သွားဖြစ်သတုံးမေးတော့ ဘယ်သွားဖြစ်တယ်လို့ ငါမဖြေဘူးလို့ ပြောကတည်းကိုက ဒါဖြင့် သူဉာဏ်တုံးပါပြီတဲ့. . . (မှန်ပါ့)၊ ရှင်ကြီးဂေါတမနဲ့ ပြောရတာ အစကပြေပြစ်သလောက် အခုတော့ဖြင့် ဘာမှမပြေပြစ်တော့ဘူးတဲ့. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ့်ကြောင့် ဒီအသုံးအနှုန်းသဘော မကျပါလိမ့်မလဲ အမေးထုတ်ပါ၊ ဒိဋ္ဌိမပြုတ်လို့ပဲ ဒကာသစ်ဖြေရမယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘယ်လိုနိဗ္ဗာန်လိုချင်နေတာလဲ

ဒါဖြင့် ဒကာ ဒကာမတွေ အင်မတန်ကံကောင်းတာပဲ . . . (မှန်ပါ့)၊ နဂိုက လိုချင်နေတဲ့ နိဗ္ဗာန်ဟာ ဘယ်လိုသဘောပါလိမ့်. . . (ရိုးရာလိုချင်မှုပါဘုရား)၊ ဒိဋ္ဌိလည်းမပြုတ်ဘူး၊ ဒိဋ္ဌိပြုတ်တဲ့ နည်းလည်းမရဘူး. . . (မှန်ပါ့)၊ မရတော့ သူလိုချင်တဲ့ နိဗ္ဗာန်ဟာ ခုနင်က အဂ္ဂိဝစ္ဆလိုပဲ၊ နိဗ္ဗာန်လဲတွေ့ပါရော သူ့ဉာဏ်တုံးပြီ၊ ပြောတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ အင်မတန် မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား)။

ဒါနဲ့ပဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းဉာဏ်တုံးပြီလို့ ငါ့ကို လျှောက်တယ်၊ ရှင်ကြီးဂေါတမတဲ့ ပြောရတာ အစက အင်မတန်ပြေပြစ်တယ် အခုတော့ ဉာဏ်တုံးပြီ၊ တွေဝေသွားပြီ၊

ဘယ့်နှယ့်မှ ကျုပ်မေးစရာမရှိတော့ဘူးလို့ ပြောလိုက်တော့ မင်းဟာ အခုပြောတဲ့ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်၏ သွားရာကို ဘယ်သွားသတုံးဆိုတာ မင်းမေးတဲ့ဥစ္စာ သာမည ဆရာသမား နဲ့ သာမည ကိုးကွယ်ဆည်းကပ်ပြီး သာမညအယူဝါဒနဲ့ ဒါကိုသ ဘောမကျနိုင်ဘူးတဲ့. . . (မှန်ပါ့)၊ ဘယ်လိုပုဂ္ဂိုလ်မှ သဘောကျ မတုံးမေးတော့ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ်မှ သဘောကျ မယ်တဲ့. . . (မှန်ပါ့ဘုရား)။

ဒိဒိဋ္ဌိပြုတ်ပြီး နိဗ္ဗာန်ကို သဘောကျနိုင်မှာ ဘယ်ပုဂ္ဂိုလ်မှ သဘောကျနိုင်မတုံး. . . (ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ်မှ သဘောကျနိုင်ပါမယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်နားလည်မှ

ဖြစ်တာတွေ ပျက်တာတွေ ပဋိစ္စသမုပ္ပါဒ်တွေပဲလို့ သိ ထားတဲ့ ပုဂ္ဂိုလ်မှ နားလည်မှာဆိုတော့၊ အဲဒီတော့ မင်းဟာ ပဋိစ္စ သမုပ္ပါဒ်နားလည်တဲ့ ပုဂ္ဂိုလ်ကို မင်းရှာဦး၊ ဒါမှ နိဗ္ဗာန်ကို သဘော ကျမယ်ဆိုတော့ ဒိဋ္ဌိပြုတ်ဦး၊ ဒါမှ နိဗ္ဗာန်ကို သဘောကျမယ်ပြော တာ. . . (မှန်ပါ့)။

ဒိဋ္ဌိမပြုတ်ရင်. . . (နိဗ္ဗာန်သဘောမကျနိုင်ပါဘုရား)၊ သဘောမကျနိုင်ဘူးလို့ ဒကာအုန်း သေသေချာချာဟောပြီ. . .

ပဋိစ္စသမုပ္ပါဒ်နားလည်အောင်လုပ်ဦးကွာ ပညာရှိများဆည်းကပ်ပြီး၊ မင်းသည်ကားလို့ဆိုရင် ကြိုးစားဦး၊ ဒါမှ မင်းသည်ကားလို့ဆိုလို့ရှိရင် ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်းကို သဘောကျမယ်တဲ့. . . (မှန်ပါ)။

ဥပါဒါန်ချုပ်တော့ နိဗ္ဗာန်မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)၊ အဲ ပဋိစ္စသမုပ္ပါဒ်နားမလည်ရင် နိဗ္ဗာန်သဘောကျမလား. . . (မကျပါဘုရား)။

## ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်သဘောကျမယ်

ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာကို ကိုးကွယ်ဆည်းကပ်ပါဦး၊ အဲဒါမှ ဒိဋ္ဌိပြုတ်မယ်။ ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်သဘောကျမယ်တဲ့ . . . (မှန်ပါ)။

နောက်တော့ ဒိဋ္ဌိပြုတ်ပြီး နိဗ္ဗာန်သဘောကျပုံကို နက်ဖြန်တော့ အကျယ်ဟောလိမ့်မယ်နော်. . . (မှန်ပါဘုရား)။

**ကဲ. . . ယနေ့ဒီတွင် တော်ကြဦးစို့။**

**သာဓု . . . သာဓု . . . သာဓု . . . ။**